# ကြေးမုံ
# The Mirror

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ သောကြာနေ့၊ (7-11-2008) (၅၈၅၅)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# ရန်ကုန်တိုင်း စိုက်ပျိုးရေးအထူးဇုန်(၁)နှင့်(၂)တို့ရှိ လယ်မြေဧက ၈၇၃၀ ၌ စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် လယ်သမားများက စက်ကိရိယာများအသုံးပြုပြီး

# အထွက်တိုး မျိုးကောင်းမျိုးသန့်စပါးများကို စိုက်ပျိုးသွားမည်

ရန်ကုန် နိုဝင်ဘာ ၆

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ငမိုးရိပ်ရေထိန်းတံခါးအနီးရှိ ရှင်းလင်းဆောင်၌ ကျင်းပသည့် စပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။**

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် လယ်သမားများက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ပံ့ပိုးကူညီနိုင်သည်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻**




# စိုက်ပျိုးရေးနှင့် သောက်သုံးရေ အထောက်အကူပြု ရွှေဘိုမြို့ မဟာနန္ဒာကန် ပြန်လည်ပြုပြင်မှုမြင်ကွင်း

သတင်းဆောင်းပါး - ဇော်ဝင်း(ကြေးမုံ)
သတင်းဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

**စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်၏ ဖွံ့ဖြိုးတိုးတက်မှုများကို သတင်းဆောင်းပါးရေးသားဖော်ပြရန် ကြေးမုံသတင်းအဖွဲ့သည် အောက်တိုဘာ တတိယပတ်တွင် ရွှေဘိုမြို့သို့ ခရီးတစ်ထောက်ရောက်ခဲ့သည်။**

ရွှေဘိုမြို့သို့ရောက်ရှိစဉ်အတွင်း ကြေးမုံသတင်းအဖွဲ့သည် မဟာနန္ဒာကန် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုများကို လေ့လာခဲ့သည်။

မဟာနန္ဒာကန်တော်၏နောက်ခံသမိုင်းမှာ မြန်မာသက္ကရာဇ် ၁၁၁၅ ခုနှစ်တွင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် မုဆိုးဘိုမြို့ကို ရတနာသိင်္ဃမြို့တော်အဖြစ်တိုးချဲ့တည်ဆောက်ရာတွင် ပန္နက်ချဆောင်ရွက်ခဲ့သောခုနစ်ဌာနတွင် မဟာနန္ဒာကန်တော်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့✧**

မဟာနန္ဒာကန်တော်မှ ကန်အောက်ပိုင်း လယ်မြေများသို့ စိုက်ပျိုးရေပေးဝေရာ ဘီလူးမရေထုတ်ပေါက်အား တွေ့ရစဉ်။



သက်တမ်း နှစ် ၂၅၀ ရှိ မဟာနန္ဒာကန်တော် အစဉ်ထာဝရရှင်သန်နိုင်ရေး၊ တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသပ်ရပ်ရေးအတွက် ဒေသနေပြည်သူများက အားကြိုးမာန်တက် ထိန်းသိမ်းပြုပြင်နေ။

ကြေးမုံ
The Mirror
၇-၁၁-၂၀၀၈
(သောကြာနေ့)

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဒေသဝန်းကျင် စိမ်းလန်းစိုပြည်ရေးကြိုးပမ်း နွေစပါးနှင့် သီးထပ်သီးနှံများ တိုးချဲ့စိုက်ပျိုး

နိုင်ငံတော်က လယ်ယာကဏ္ဍထုတ်လုပ်မှု တိုးတက်စေရေးအတွက် စိုက်ပျိုးရေလုံလောက်စွာ ရရှိစေရန် ဆည်တမံ၊ ရေထိန်းတံခါးစီမံကိန်းလုပ်ငန်းပေါင်း နှစ်ရာကျော်ကို နိုင်ငံတစ်ဝန်း၌ ဖြန့်ကြက်တည်ဆောက်ပေးထားသည်ကို တွေ့ရသည်။

နယ်မြေဒေသအလိုက် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။ အထွက်ကောင်းသီးနှံမျိုးများ သုံးစွဲနိုင်ရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုရေး ပံ့ပိုးကူညီနေသည်။ သီးနှံစိုက်စွမ်းအား တိုးတက်စေရန်နှင့် လေလွင့်ဆုံးရှုံးမှု နည်းပါးစေရန် လိုအပ်ချက်များကိုလည်း အခါမလပ် ဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ ရန်ကုန်မြို့ မိုင်(၃၀) ပတ်လည်ဝန်းကျင် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေးအတွက် ဆည်တမံ၊ ရေထိန်းတံခါးများနှင့် ရေသွယ်တူးမြောင်းများကို ဆက်စပ်တည်ဆောက်ပေးလျက်ရှိသည်။ မြေလွတ်မြေလပ်များစွာရှိသည့် ဒေသများ၌ စိုက်ပျိုးရေးအထူးဇုန်များ ဖော်ထုတ်စိုက်ပျိုးနိုင်ရန် စီစဉ်လျက်ရှိသည်။

ရန်ကုန်တိုင်းအနေဖြင့် ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း နွေစပါးဧကနှစ်သိန်းလေးသောင်းကျော်၊ ပဲမျိုးစုံ ဧကလေးသိန်းကျော်နှင့် ဆီထွက်သီးနှံဧက ခုနစ်သောင်းကျော် စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့ မိုင်(၃၀) ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် ပါဝင်သည့် ပဲခူးမြစ်အရှေ့ဘက်ခြမ်းနှင့် ပဲခူးမြစ်အနောက်ဘက်ခြမ်းတို့၌ ရေလှောင်တမံ၊ ရေထိန်းတံခါးနှင့် မြစ်ရေတင်လုပ်ငန်းများကို တည်ဆောက်ပေးထားရာ သီးထပ်သီးနှံများ စိုက်ပျိုးလျက်ရှိသည်။

သို့ဖြစ်ရာ ဒေသအလိုက် စိုက်ပျိုးရေရရှိရေးအစီအမံများ၊ ရေငန်မဝင်ရန်နှင့် ရေချိုများ ထိန်းထားနိုင်ရန် ရေထိန်းတံခါး တည်ဆောက်ပေးမှုများ၊ စိုက်ပျိုးရေးဆိုင်ရာ ထောက်ကူပေးမှုများနှင့်အတူ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများက ဒေသစိမ်းလန်းစိုပြည်ရေးနှင့် နွေစပါး၊ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံများ၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏သံတမန် နိုင်ငံခြားရေးအတွင်းဝန် H.E Mr. Touhid Hossain ဦးဆောင်သော အဖွဲ့ဝင်လေးဦးပါဝင်သည့် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

## ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးအတွင်းဝန်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏သံတမန် နိုင်ငံခြားရေးအတွင်းဝန် H.E. Mr.Touhid Hossain ဦးဆောင်သော အဖွဲ့ဝင်လေးဦးပါဝင်သည့် ဘင်္ဂလားဒေ့ရှ် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဖေသန်းဦး၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၏ သံတမန် နိုင်ငံခြားရေး အတွင်းဝန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဗိုလ်ချုပ်အဗူရို့ချ်ဒီရိုခွန်ချူဒါဝလာတို့ တက်ရောက်ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် အဆိုပါကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၁၁-၂၀၀၈ (သောကြာနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "ပြင်ချိန်တန်ပြင်ပါ" တရားတော် [ဘဒ္ဒန္တခေမာစာရ(အောင်ခေမာဆရာတော်)] |
| ၇း၅၀ - ၁း၅၀ | ခေတ်မီဒီဇိုင်းစုံလင်စွာမြိုင်ရတနာ |
| ၈း၀၅ - ၂း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၀ - ၂း၁၀ | VJ Choice |
| ၈း၃၅ - ၂း၃၅ | Living On Water |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | ကရင်ရိုးရာဝတ်စားဆင်ယင်မှု |
| ၉း၃၀ - ၃း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅ - ၃း၃၅ | ဖွံ့ဖြိုးတိုးတက်လာသော ငွေဆောင်ဟိုတယ်လုပ်ငန်း (Silver View Hotel) |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာ သတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၁၀း၁၀ - ၄း၁၀ | အဆင့်မြင့်ဖျော်ဖြေချင် ရွှေရွက်လှေဇာတ်သဘင် |
| ၁၀း၃၀ - ၄း၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၅ - ၄း၃၅ | Art Vision (green dream Art Exhibition) |
| ၁၀း၄၅ - ၄း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ - ၄း၅၀ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၁၁း၀၅ - ၅း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅ - ၅း၁၅ | နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ- ကြည်စိုး) |
| ၁၁း၃၀ - ၅း၃၀ | လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား |
| ၁၁း၄၀ - ၅း၄၀ | နိုင်ငံတကာ သတင်းအကျဉ်း |
| ၁၁း၄၅ - ၅း၄၅ | ဆီအုန်းစိုက်ပျိုးထုတ်လုပ်ခြင်း |
| ၁၁း၅၀ - ၅း၅၀ | Own Creative Fashion |
| ၁၂း၀၅ - ၆း၀၅ | မျှော်လင့်ခြင်းတွေပြည့်ဝမည့်နေ့သစ်များ |
| ၁၂း၂၀ - ၆း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ - ၆း၂၅ | သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ဗေလုဝ နှင့်တွေ့ဆုံခြင်း) |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## ပုဂံခေတ် ရှေးဟောင်းရွှေထည်ပစ္စည်း အပ်နှံသည့်အတွက် ဆုချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၆

**စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့သစ် ခက်ခအရှေ့ရွာနေ ဦးကျော်ဆန်းသည် ယာထွန်ရင်း အလေးချိန်သုံးမတ်သားခန့်ရှိ ကြာဖက်ပုံသဏ္ဌာန် အခြယ်အမွမ်းပါ ရွှေဖရုံသီးပုံစံ ခေါင်းပွရွှေလုံး (အပေါက်ပါ) တစ်ခုကို တွေ့ရသဖြင့် ဇူလိုင် ၂၉ ရက်တွင် မန္တလေးမြို့ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနခွဲသို့ သွားရောက်အပ်နှံခဲ့သည်။**



စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့သစ် ခက်ခအရှေ့ရွာနေ ဦးကျော်ဆန်း ယာထွန်ရင်း တွေ့ရသည့် အလေးချိန်သုံးမတ်သားခန့်ရှိ ကြာဖက်ပုံသဏ္ဌာန် အခြယ်အမွမ်းပါ ရွှေဖရုံသီးပုံစံ ခေါင်းပွရွှေလုံး(အပေါက်ပါ) ကိုတွေ့ရစဉ်။ (သတင်းစဉ်)

ယင်းရွှေဖရုံသီးခေါင်းပွ ရွှေလုံးမှာ ပုဂံခေတ်လက်ရာ ရှေးဟောင်းရွှေထည်ပစ္စည်းဖြစ်ကြောင်း သိရှိရပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ပစ္စည်းအပ်နှံသူဦးကျော်ဆန်းအား ပစ္စည်း၏ မူလတန်ဖိုးအပေါ်တွင် ခေတ်ကာလ ရှေးကျမှုနှင့် လက်ရာကောင်းမွန်မှု၊ ရှားပါးမှုတန်ဖိုးများ ထပ်ဆောင်းကာ အောက်တိုဘာ ၂၃ရက်တွင် ဆုကြေးငွေကျပ် ၈၉၄၇၁၇ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ရှေးဟောင်းပစ္စည်းများကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေများဖြင့် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းလျက်ရှိရာ သိမ်းဆည်းစုဆောင်းသောနည်းဖြင့်လည်း ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း၊ဆုချီးမြှင့်ရာတွင်လည်း ပစ္စည်း၏ မူလတန်ဖိုးသာမက ခေတ်ကာလရှေးကျခြင်း၊ ပစ္စည်း၏လက်ရာ ကောင်းမွန်ခြင်း၊ ရှားပါးသောပစ္စည်းဖြစ်ခြင်း စသည့် ရှေးဟောင်းသုတေသနဆိုင်ရာ တန်ဖိုးများ ထည့်သွင်းပေါင်းစပ်၍ ဆုများ ထိုက်တန်စွာချီးမြှင့်ပေးကာ ရှေးဟောင်းပစ္စည်းများကို ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမ်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး

**ရန်ကုန် နိုဝင်ဘာ ၆**

အမ်းမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်သူအားလုံးနှင့် အသင်းမဝင်ရသေးသူများအပါအဝင် အမ်းမြို့နယ်သူ၊ မြို့နယ်သားအားလုံး နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၉ရက် နံနက်၈နာရီတွင် သယ်န်းကျွန်းမြို့နယ် မေခအိမ်ရာဝင်းရှိ အောင်ရာမြေ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ အမ်းမြို့နယ်သူ၊ မြို့နယ်သားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သား၊ သမီးစာရင်း၊ အလှူငွေနှင့် ပစ္စည်းလှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးအုန်းကျော် ဖုန်း-၀၉ ၈၅၂၆၃၀၂၊ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လေး ဖုန်း-၀၉ ၈၅၂ ၆၂၁၀နှင့် နာယက ဦးအောင်ဝင်း ဖုန်း-၃၉၁၇၅၇ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မအူပင်၌ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဧရာဝတီတိုင်းဦးစီးမှူး ဦးငွေထွန်းသည် နိုဝင်ဘာ ၃ရက် နံနက် ၁၀နာရီတွင် မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်ရုံးများမှ ဦးစီးမှူးများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် တိုင်းဦးစီးမှူးက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အခြေခံစာကြည့်တိုက်ပညာ သင်တန်း(၁/၂၀၀၈) သင်တန်းဆင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း မြို့နယ်အလိုက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ရေး၊ လအလိုက်လျာထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရေးနှင့် ဝန်ထမ်းများ အလုပ်ချိန်စည်းကမ်းလိုက်နာဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိ ဒေါ်ငွေခင်နှင့် မြို့နယ်ဦးစီးမှူး ဦးထိန်လင်းတို့က မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

### ✧ စိုက်ပျိုးရေမှ

အလောင်းမင်းတရားကြီးသည် ရတနာသိယ်မြို့ ကျုံးရေမပြတ်စေရေး၊ မြို့ရေဖူလုံစေရေးနှင့် စိုက်ပျိုးရေအတွက် မဟာနန္ဒာကန်တော်ကို မဟာသီရိဥတ္တမဇေယျသကြ်ိန်ဘွဲ့အမည်ရ အမတ်ကြီးအား တာဝန်ပေး တူးဖော်စေခဲ့သည်။

မြန်မာသက္ကရာဇ် ၁၁၁၉ ခုနှစ်တွင် ကန်တော် တူးဖော်ပြီးစီးခဲ့သည်။ ကန်တော်၏ မူလအတိုင်းအတာမှာ ကန်ပေါင်အောက်ခြေအကျယ် ၁၅ တာ၊ အမြင့် ၂၁ တောင်၊ အချင်းထိပ်ပြင် ၁၀ တာရှိသည်။ မဟာနန္ဒာကန်တော်သို့ ရေမပြတ်စီးဝင်စေရန်အတွက် မြေဒူးမြို့ မြင်းခွာတောင်အနီး၌ မူးမြစ်ကို ဆည်ဖို့ပြီး မူးတူးမြောင်းကို တူးဖော်ခဲ့ကြောင်း ကန်တော်ကျောက်စာတွင် ရေးထိုးထားခဲ့သည်။

ကန်တော်နှင့် မူးတူးမြောင်းသည် တောင်နှင့်မြောက် အလျားလိုက်တည်ရှိနေသဖြင့် တူးမြောင်း၏ အရှေ့ဘက်ရေဆင်းဧရိယာမှ မူးမြစ်အတွင်း စီးဆင်းသော ချောင်းများအား ဘောင်ခတ်ဆည်ဖို့ထားသကဲ့သို့ ရှိသည်။ မဟာနန္ဒာကန်တော်အတွင်းသို့ စီးဝင်သော ချောင်းပေါင်းကိုးချောင်းရှိခဲ့သည်။ ယင်းတို့အနက် ထင်ရှားသောချောင်းများမှာ ထီးတောချောင်း၊ ငါးတန်းချောင်း၊ လင်ပန်းချောင်း၊ သိန်ရင်ချောင်း၊ အင်တောပေါက်ချောင်း၊ ခက်လုံချောင်း၊ မောရချောင်း၊ ဗောဓိချောင်းနှင့် ကိုးပင်ချောင်းတို့ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၁၂၀ ပြည့်နှစ်မှစ၍ မူးမြစ်ရေနှင့် ချောင်းများမှ စီးဝင်ရေတို့ဖြင့် ကန်တော်မြောင်းကို အသုံးပြုကာ ရေသွင်းစိုက်ပျိုးခဲ့သည်။ ပြွန်အရေအတွက် ၃၉ ခုနှင့် ရေဝင်ပေါက်ကိုးခုတို့ဖြင့် ရေသွယ်ယူကာ ဆန်စပါးစိုက်ပျိုး၍ နိုင်ငံတော်၏ရိက္ခာကို ဖြည့်တင်းခဲ့သည်။

အလောင်းမင်းတရားကြီးအလွန် ကုန်းဘောင်ဆက် မြန်မာမင်းတို့ လက်ထက်များတွင်လည်း ကန်တော်ကြီးကို ပြုပြင်တိုးချဲ့ ဆည်ဖို့ခဲ့ကြသည်။

သက်တမ်းနှစ် ၂၅၀ ရှိခဲ့ပြီဖြစ်သော မဟာနန္ဒာကန်တော်ကြီး၏ ရေစီးဝင်မှုပုံသဏ္ဌာန်၌လည်း အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့ရပြီးဖြစ်သည်။

မဟာနန္ဒာကန်တော်ကြီး ရေပိုမိုရရှိစေရန်နှင့် ရေကြီးမှုမှကာကွယ်ရန်အတွက် ကိုးပင်ချောင်းတမံကို တည်ဆောက်ခဲ့ရာ ၁၉၈၅ ခုနှစ်တွင် ပြီးစီးခဲ့သည်။ နွေရာသီ မဟာနန္ဒာကန်တော် ရေနည်းသည့်အခါ ကိုးပင်ချောင်းရေလှောင်တမံမှရေကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

၁၉၉၆ ခုနှစ်တွင် ကင်းတပ်ရေလွှဲတမံတည်ဆောက်ခြင်းနှင့် မူးတူးမြောင်းဟောင်း(အလောင်းဘုရားမြောင်း) ပြုပြင်တည်ဆောက်မှုပြီးစီးခဲ့သည်။ ၁၉၉၆ ခုနှစ် မိုးရာသီမှစ၍ ကင်းတပ်လက်ခံမြောင်းမှ မဟာနန္ဒာကန်အတွင်းသို့ ရေသွင်းယူနိုင်ပြီး ကန်၏အနောက်ဘက် ကန်အောက်ပိုင်း လယ်မြေဧက ၇၀၀၀ခန့်ကို ရေဖြန့်ဝေပေးနိုင်ခဲ့သည်။ ထို့အပြင် တောင်ဘက်ကန်ပေါင်အရှေ့ပိုင်းသည် သက္ကယ်တန်းချောင်းနှင့် ဆက်လျက်ရှိရာ ကန်တော်မင် ရေပိုလွှဲတံခါးတပ်ဆင်၍ ကန်၏ရေကို ထိန်းထားပြီး ပိုလျှံသောရေကို သက္ကယ်တန်းချောင်းမှလွှတ်၍ ဝဲ၊ ယာလယ်မြေဧက ၂၀၀၀ ခန့်ကိုလည်း ရေသွင်းစိုက်ပျိုးစေနိုင်ခဲ့သည်။ နှစ်စဉ် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့သည်။

မဟာနန္ဒာကန်တော်၏ အချက်အလက်များမှာ-

| | | |
|---|---|---|
| ရေဆင်းဧရိယာ | - | ၇၁ စတုရန်းမိုင် |
| ကန်ပေါင်အလျား | - | ၆ မိုင် |
| ကန်ပေါင်အနံ(ပျမ်းမျှ) | - | ပေ ၂၀၀၀ |
| ကန်ရေပြည့်အနက် | - | ၆ ပေ(ယခင် ၉ ပေ) |
| ကန်ရေပြည့်ရေလှောင်ပမာဏ | - | ဧကပေ ၂၃၄၀ |
| ကန်ရေပြည့်ရေဝပ်ဧရိယာ | - | ဧက ၁၀၅၀ |
| ကန်ရေသေရေလှောင်ပမာဏ | - | ဧကပေ ၃၀ |

မဟာနန္ဒာကန်တော်မှ ရေသောက်လယ်မြေများမှာ အနောက်ဘက်ကန်ပေါင် ဘီလူးမရေထုတ်ပြွန်အပါအဝင် ရေတံခါးပေါက်များဖြင့် ရေလွှတ်ပေးသဖြင့် စည်သာ၊ ကြက်တက်၊ ပိတောက်ခေါင်း၊ ခွန်တောင်းငယ်၊ ထနောင်းဝန်းနှင့် ဥသျှစ်ကန်ကျေးရွာအုပ်စုများမှ လယ်မြေဧက ၇၅၅၀ နှင့် ကပြုရေပာန့်မြောင်း ရေသောက်လယ်များအပါအဝင် သက္ကယ်တန်း ချောင်းမှ ရေတင်စိုက်ပျိုးမှုကြောင့် တံခွန်တိုင်၊ သစ်ချိုပင်၊ ချောင်းဆုံ၊ ပေါက်တိုကျေးရွာအုပ်စုများမှ လယ်မြေဧက ၂၀၀၀ ခန့်ကို ရေပေးဝေနိုင်သည်။

ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ၁၉၉၈ ခုနှစ်တွင် မဟာနန္ဒာကန်မှရေကို ရေပိုက်သွယ်တန်းပြီး မြို့ရေပေးရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ မြို့လူထုသောက်သုံးရန် ရေဂါလန် ၁၀ သိန်းကို နေ့စဉ် ပို့လွှတ်ဖြန့်ဝေနိုင်ခဲ့သည်။

မဟာနန္ဒာကန်တော်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနနှင့် ပူးပေါင်းပြီး ၁၉၉၄-၉၅ မှ ၂၀၀၈-၂၀၀၉ အထိ ဩရီးရှား၊ မဲဇလီ၊ ယူကလစ်၊ ဘောစကိုင်း၊ ကုက္ကို၊ မန်ကျည်း၊ ရေတမာ၊ တမာ၊ ပနားမားငု၊ စိန်ပန်း၊ သုံးပန်လှပင် ၂၀၉၅၅၀ ကို ကိုးပင်ဆည်လမ်းဘေး မဟာနန္ဒာကန်တော်လမ်းဘေး၊ ကိုးပင်ချောင်း(မဟာနန္ဒာကန်ရေဝေရေလဲ)၊ ရွှေဘို-ခင်ဦး မဟာနန္ဒာကန်တော်လမ်းများတွင် စိုက်ပျိုးပေးခဲ့သည်။



**မဟာနန္ဒာကန်တော်ရေပြင် ပြန်လည်သန့်စင်ရေးဆောင်ရွက်ရာတွင် လူအင်အားသာမက စက်ယန္တရားအင်အားကိုပါ သုံးစွဲခဲ့သည်။**

၁၉၈၆ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အထိ ဆည်မြောင်းဦးစီးဌာနမှ မဟာနန္ဒာကန်တော်အတွင်း သဲ၊ နုန်း ပို့နေမှုကို ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ကန်တော်တောင့်တင်းခိုင်မာရေးအတွက် ကန်ပေါင်အား မြှင့်ခြင်းနှင့် ရေလုံလွှာခင်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့သည့် စုစုပေါင်းမြေကြီးကျင်းပေါင်း ၆၁၈၄၆ ကျင်းအထိဖြစ်သည်။

၂၀၀၆ ခုနှစ်တွင် ရွှေဘိုမြို့ ရေပေးဝေရေးလုပ်ငန်း၏ အရင်းအမြစ်ဖြစ်သည့် မဟာနန္ဒာကန်တော်ကို ကြာနှင့်ဗေဒါများ ဖုံးလွှမ်းသွားသဖြင့် ရေအရောင်ပြောင်းလာခြင်းနှင့် အနံ့အသက်ရှိလာခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

ကြေးမုံသတင်းအဖွဲ့သည် မဟာနန္ဒာကန်တော် ပြန်လည်ပြုပြင်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကာ ရွှေဘိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့်တွေ့ဆုံရာ ဗေဒါနှင့်ကြာ ဆယ်ယူရေးလုပ်ငန်းကို တပ်မတော်သားများ၊ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ရေပြင်ဧက ၅၀ ခန့် ပြန်ပေါ်လာကြောင်း၊ အထက်ရေဝင်လမ်းကြောင်းတစ်လျှောက်၌ ဗေဒါ၊ ကြာများ ဆယ်ယူပြီး ရေလမ်းဖွင့်သည့်စနစ်ကို မြောင်းတစ်လျှောက်ရှိ ကျေးရွာများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ စည်ပင်ဝန်ထမ်းများ၊ လေ့လုပ်သားများနှင့် ပုံမှန်ဆောင်ရွက်နေကြောင်း၊ ကန်တော်ရေပြင်မှာ အလွန်ကျယ်ပြန့်သည့်အတွက် နိုင်နင်းအောင်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း၊ နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ သံဖောင်လေးခု လွှဲပြောင်းရရှိကြောင်း၊ သံဖောင်တစ်ခုကို အင်ဂျင်တပ်ဆင်၍ ကြာနှင့်ဗေဒါဖြတ်စက်အဖြစ် ရွှေဘိုစက်မှုဇုန်မှတီထွင်ပြီး ကန်တွင်းချမောင်းနှင်ကာ ဗေဒါနှင့်ကြာ ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ လေ့လုပ်သားများဖြင့် သယ်ယူခြင်း အပတ်စဉ် စနေနေ့များတွင် နယ်မြေခံတပ်၊ ဝန်ထမ်းအင်အားများဖြင့် ဗေဒါများ ဆယ်တင်ခြင်းကို ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယခု ရေပြင်အကျယ် ဧက ၁၀၀ ခန့်ပြီးမြောက်နေပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကန်တော်ရေပြင် လုံးဝသန့်စင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆယ်ယူရရှိထားသော ဗေဒါနှင့်ကြာများကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဇီဝမြေသြဇာပုံများအဖြစ် ပြုပြင်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

သက်တမ်းနှစ် ၂၅၀ ရှိ မဟာနန္ဒာကန်တော်သည် ကုန်းဘောင်ခေတ်ဦး၏ သမိုင်းသင်္ကေတနှင့် ရွှေဘိုမြို့၏ ကျက်သရေဆောင်တစ်ခုဖြစ်ပြီး ဒေသ၏ စိုက်ပျိုးရေနှင့် ရွှေဘိုမြို့နေ လူထု၏ သောက်သုံးရေအရင်းအမြစ်လည်းဖြစ်သည့် မဟာနန္ဒာကန်တော် အစဉ်ထာဝရ ရှင်သန်နိုင်ရေး၊ တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသပ်ရပ်ရေးအတွက် ဒေသနေပြည်သူများက အားကြိုးမာန်တက် ထိန်းသိမ်းပြုပြင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ။



**ပြန်လည် သန့်စင်လာပြီဖြစ်သော ရွှေဘိုမြို့ ကျက်သရေဆောင် မဟာနန္ဒာကန်တော်၏ တစ်စိတ်တစ်ဒေသ မြင်ကွင်းကို တွေ့ရစဉ်။**

*(ယခုအခါ ကန်တော်၏ရေပြင်အကျယ် ဧက ၁၀၀ ခန့်မှာ ကြာနှင့် ဗေဒါများ ကင်းစင်ပြီး ပြန်လည် သန့်စင်လာပြီဖြစ်သည်။)*

## အထက(၂) ကြည့်မြင်တိုင် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

အထက(၂) ကြည့်မြင်တိုင် (ဟုမ်းလမ်း/ထီးတန်း)တွင် ၁၉၅၁ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း ပညာသင်ကြားပို့ချခဲ့ကြပြီး ၃၁-၁၀-၂၀၀၈ ရက် ကာလအတွင်း အသက်(၆၀)ပြည့် အငြိမ်းစားယူခဲ့ကြသော ဆရာကြီး၊ ဆရာမကြီး များအား အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲနှင့် ထူးချွန် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဂုဏ်ပြုပွဲကို နိုဝင်ဘာ ၂၂ ရက် (စနေနေ့) နံနက် ၁၀ နာရီခွဲတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန်နှင့် ငွေပဒေသာပင် စိုက်ထူနိုင်ရေးအတွက် ဦးဘနှင်း ဖုန်း-၂၂၅၃၄၂၊ ဦးမြလှိုင် ဖုန်း-၂၂၆၈၅၅၊ ဦးစိန်ဟုတ် ဖုန်း-၀၉-၉၉၂၈၃၂၆၊ ဗိုလ်မှူးစိုးဝင်း(ငြိမ်း) ဖုန်း-၂၂၅၈၇၄၊ ဦးမြသန်း(ခ) ဦးဝင်းသိန်း ဖုန်း-၂၁၂၈၂၁၊ ဒေါ်မြမြသန်း ဖုန်း-၂၂၈၀၅၃ နှင့် ဒေါ်တင်မေ ဖုန်း-၀၉-၅၁၄၁၄၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ )

**စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ**

**ရန်ကုန် နိုဝင်ဘာ ၆**

စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေဆု (ပထမဆုရ) အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်) ရေးသားသည့် “နန်းထိုက်တော်ဝင်မင်းဥယျာဉ်” စာအုပ်ကို အသင်း၏ (၄၁)အုပ်မြောက်စာအုပ်အဖြစ် အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်မြို့များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၃၈၁၄၄၈၊ ၂၄၉၀၃၁ တို့သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

# ကန်တိုက်ခိုက်မှုကို တုံ့ပြန်၊ ကျောင်းနှင့် ယဉ်ကျေးမှုဌာန ပိတ်ပင်

**ဒမတ်စကတ် နိုဝင်ဘာ ၆**

ဆီးရီးယားနိုင်ငံနှင့် အီရတ်နိုင်ငံ နယ်စပ်အနီး ဆီးရီးယားပိုင်နက်အတွင်း အမေရိကန်တို့က စီးနင်းတိုက်ခိုက်သည့်ကိစ္စအား တုံ့ပြန်သည့်အနေဖြင့် ဆီးရီးယားအစိုးရက ဒမတ်စကတ်ရှိ အမေရိကန်ကျောင်းတစ်ကျောင်းကိုပိတ်ရန် အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် ကျောင်းသူ၊ ကျောင်းသားများအား အိမ်သို့ပြန်ရန် ပြောကြားခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဒမတ်စကတ်ရှိ အမေရိကန်အသိုင်းအဝိုင်းနှင့် နိုင်ငံခြားသားများအတွက် ဖွင့်ထားသည့် ယဉ်ကျေးမှုဌာနကို လည်း ဆီးရီးယားအစိုးရက လိုက်လျော ညီထွေဖြစ်စေရန် အတွက် ပိတ်ပင်ထားသည်ဟု သိရသည်။ ယင်းကျောင်းမှ ကျောင်းသူ၊ ကျောင်းသားများနှင့် ဆရာ၊ ဆရာမများသည် ကျောင်းပရဝဏ်မှ တနင်္လာနေ့ မွန်းလွဲပိုင်းတွင် ထွက်ခွာနေကြပြီဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များက ရဟတ်ယာဉ်လေးစီးဖြင့် အီရတ်နယ်စပ်အနီးရှိ ဆီးရီးယားနိုင်ငံအတွင်းမှ အဆောက်အအုံတစ်ခုကို တိုက်ခိုက်ခဲ့ပြီးနောက် ဖော်ပြပါအတိုင်း ကျောင်းပိတ်ရန် အမိန့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ အမေရိကန်စစ်ဘက်က တရားဝင်အားဖြင့် အဆိုပါစီးနင်း တိုက်ခိုက်မှုကို ပြုလုပ်ခဲ့သည်ဟု ဝန်ခံပြောကြားခြင်းမရှိပေ။ သို့ရာတွင် ယင်းစီးနင်းတိုက်ခိုက်မှုသည် အီရတ်ရှိ အယ်လ်ခိုင်ဒါ အကြမ်းဖက် ထိပ်တန်းခေါင်းဆောင်တစ်ဦးကို ပစ်မှတ်ထားပြုလုပ်ခြင်းဖြစ်သည်ဟု အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမေရိကန်သံရုံးနှင့် ဆက်နွှယ်မှုရှိသည့် အဆိုပါကျောင်းနှင့်ယဉ်ကျေးမှုဌာနသည် ဆီးရီးယားမြို့တော် ဒမတ်စကတ်ရှိ အမေရိကန်အသိုက်အဝန်းနှင့် ဆီးရီးယားတွင် နေထိုင်သော နိုင်ငံခြားသားများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဖွင့်လှစ်ထားသည့်ကျောင်းဖြစ်သည်။ ဆီးရီးယားအစိုးရက ယဉ်ကျေးမှုဌာနနှင့် အဆိုပါကျောင်းအား ကြာသပတေးနေ့တွင် အမြန်ပိတ်ပင်ရန် တောင်းဆိုထားသည်။ ***အင်တာနက်။***






**အီရတ်နိုင်ငံ ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသွားသူ တစ်ဦးအား နိုဝင်ဘာ ၄ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အာဖဂန်နစ္စတန်တွင် သေဆုံးခဲ့သည့် အမေရိကန်စစ်ဘက်တပ်ဖွဲ့ဝင် ၅၅၄ ဦးရှိပြီ

**ဝါရှင်တန် နိုဝင်ဘာ ၆**

အမေရိကန်က အာဖဂန်နစ္စတန်နိုင်ငံကို ၂၀၀၁ ခုနှစ်က ကျူးကျော်တိုက်ခိုက်ပြီးသည့်နောက် အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့တွင် သေဆုံးကြသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃ ရက် တနင်္လာနေ့အထိ ၅၅၄ ဦး ရှိသွားပြီဖြစ်ကြောင်း ကာကွယ်ရေးဌာနက ဖော်ပြသည်။ ထိုစာရင်းအနက် တပ်ဖွဲ့ဝင် ၄၀၂ ဦးသည် ရန်လိုသောတိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ဘေးဒုက္ခမှလွတ်မြောက်ရေး စစ်ရေးလှုပ်ရှားမှုတွင် ပါဝင်ဆင်နွှဲခဲ့ရာ အာဖဂန်ဒေသ အပြင်ဘက်တွင် တပ်ဖွဲ့ဝင် ၆၆ ဦး သေဆုံးသည်ဟု ကာကွယ်ရေးဌာနက ဖော်ပြသည်။ ၎င်းတို့အနက်မှ တပ်ဖွဲ့ဝင် ၁၃ ဦးသည် ရန်လိုတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။ အခြားဒေသများဟုဆိုရာတွင် ဂွမ်တာနာမိုရေတပ်အကျဉ်းစခန်း (ကျူးဘား)၊ ဂျီဘူတီ၊ အီရီထရီးယား၊ အီသီယိုးပီးယား၊ ဂျော်ဒန်၊ ကင်ညာ၊ ကာဇက်စတန်၊ ဖိလစ်ပိုင်၊ ဆေရှဲလ်၊ ဆူဒန်၊ တာဂျစ်ကစ္စတန်၊ တူရကီနှင့်ယီမင်နိုင်ငံတို့ ပါဝင်သည်။ ***အင်တာနက်။***

# အီရတ်စစ်ပွဲတွင် အမေရိကန်စစ်ဘက် တပ်ဖွဲ့ဝင် ၄၁၉၀ သေဆုံးခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၆**

၂၀၀၃ ခုနှစ် မတ်လအတွင်း အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့သည့်နောက် ယင်းစစ်ပွဲအတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃ ရက် တနင်္လာနေ့အထိ ၄၁၉၀ ထက်မနည်း ရှိသွားပြီဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်အရ သိရသည်။

ယင်းသေဆုံးသူစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်း သေဆုံးသွားသည့် အရပ်သားရှစ်ဦးလည်း ပါဝင်သည်။ စစ်ဘက်တပ်ဖွဲ့ဝင် ၃၃၈၈ ဦးထက်မနည်းသည် ရန်လိုသည့် တိုက်ခိုက်မှုများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ဆိုသည်။

ဗြိတိသျှစစ်ဘက်က ၁၇၆ ဦး သေဆုံးသည်ဟု ဖော်ပြခဲ့ပြီး အီတလီတပ်ဖွဲ့ဝင် ၃၃ ဦး၊ ယူကရိန်း ၁၈ ဦး၊ ပိုလန် ၂၁ ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ ဦး၊ ဒိန်းမတ် ခုနစ်ဦး၊ အယ်လ်ဆာဗေဒို ငါးဦး၊ ဆလိုဗက်ကီးယား လေးဦး၊ လတ်ဗီးယားနှင့်ဂျော်ဂျီယာ သုံးဦးစီ၊ အက်စတိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့်ရိုမေးနီးယားနှစ်ဦးစီ၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့်တောင်ကိုရီးယားတို့မှ တစ်ဦးစီ အသီးသီး သေဆုံးကြောင်း သိရသည်။

*အင်တာနက်*



**အရှေ့အလယ်ပိုင်းဒေသ ဂါဇာကမ်းမြောင်တွင် အစ္စရေးနှင့် ဟားမတ်တို့ ပဋိပက္ခ ဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသွားသူတစ်ဦးအား သယ်လာသည်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အမေရိကန်တွင် မည်သူ သမ္မတဖြစ်ဖြစ် ငြိမ်းချမ်းရေးသာ လိုလားသည်ဟု အီရတ်ပြည်သူ ပြောကြား

**ဘဂ္ဂဒက် နိုဝင်ဘာ ၆**

အမေရိကန်သမ္မတသစ်ပေါ်ပေါက်ရန်အတွက် အမေရိကန်ပြည်သူလူထုက ဆုံးဖြတ်လိုက်သည့်အချိန်တွင်အီရတ်ပြည်သူလူထုကအမေရိကန်သမ္မတ မည်သူမည်ဝါဖြစ်စေကာမူ အမေရိကန် တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရေးနှင့် ငြိမ်းချမ်းမှုရရှိစေရေးသာ လိုလားလျက်ရှိကြသည်။

အမေရိကန်သမ္မတ မည်သူမည်ဝါဖြစ်ခြင်းသည် အကြောင်းမဟုတ်ကြောင်း၊ မိမိတို့ အလိုရှိသည်မှာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးပင်ဖြစ်ပြီး မိမိတို့နိုင်ငံတွင် ဂိုဏ်းဂဏသတ်ဖြတ်မှုများကြောင့် လူသေဆုံးမှုဖြစ်ရပ်များ မကြာခဏ ပေါ်ပေါက်ခဲ့သဖြင့် မိမိတို့အနေဖြင့် ငြိမ်းချမ်းစွာ နေထိုင်လိုကြောင်း ဟင်းသီးဟင်းရွက် ရောင်းသူ အဘူအဘတ်စ်က ပြောကြားသည်။

အီရတ်နိုင်ငံအားငါးနှစ်ကြာသိမ်းပိုက်ပြီးနောက် အီရတ်နှင့်အမေရိကန်တို့သည် လုံခြုံရေးသဘောတူညီချက်နှင့် ပတ်သက်၍ သဘောထားကွဲလွဲလျက်ရှိကြသည်။

အမေရိကန်သမ္မတ မည်သူပင်ဖြစ်စေကာမူ မိမိတို့အနေဖြင့် မိမိတို့နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ရောက်ရှိနေမှုကို လိုလားမှုမရှိကြောင်း သိစေလိုသည်။ ယခုအခြေအနေတွင် မိမိတို့သည် ဒုက္ခနှင့်သွေးစွန်းသည့် ဖြစ်ရပ်အမျိုးမျိုး ကြုံတွေ့ခဲ့ပြီးဖြစ်ကြောင်း အဘတ်စ်က ဆက်လက်ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်တွင် စစ်ဒဏ်ကြောင့် ရေပေးဝေရေး ပိုက်လိုင်း ပျက်စီးသွားသဖြင့် ရေအခက်အခဲဖြစ်နေသည်ကိုနိုဝင်ဘာ ၅ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ယူဂန္ဒာသူပုန်များက ကွန်ဂိုမြို့ တစ်မြို့ကို တိုက်ခိုက် လူ ၅၀၀၀၀ ခန့် ထွက်ပြေး

**ကင်ရှာဆာ နိုဝင်ဘာ ၆**

ယူဂန္ဒာသူပုန် (အယ်လ်အာအေ)များသည် ကွန်ဂိုနိုင်ငံမြောက်ပိုင်းရှိ မြို့တစ်မြို့အတွင်း စနေနေ့က စီးနင်းတိုက်ခဲ့ရာ ကိုးဦး သေဆုံးပြီး လူ ၅၀၀၀၀ ခန့် ထွက်ပြေးခဲ့ရကြောင်း ကုလသမဂ္ဂနှင့် အကူအညီပေးရေးအေဂျင်စီများက ပြောကြားသည်။

ဆူဒန်နိုင်ငံနှင့်ထိစပ်သည့် ကွန်ဂိုနိုင်ငံမြောက်ပိုင်းမှ နယ်စပ်အနီးရှိ ဒန်ဂူမြို့အတွင်းသို့ ၃၀ မှ ၅၀ အတွင်းရှိ အယ်လ်အာအေ တိုက်ခိုက်သူများက အရှက်မကျင်းမီ ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။

ယူဂန္ဒာ သောင်းကျန်းသူများနှင့် ကွန်ဂိုအစိုးရ တပ်ဖွဲ့ဝင်များအတွင်း မွန်းလွဲပိုင်းတွင် ဆက်လက်တိုက်ခိုက်မှုများဖြစ်ပွားနေသည်ဟု ကွန်ဂိုကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့မစ်ရှင်၏ ပြောရေးဆိုခွင့်ရှိသူက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

လူ ၅၀၀၀၀ ခန့်က အဆိုပါမြို့မှ ထွက်ပြေးရန် ကြိုးပမ်းနေကြကြောင်း၊ အယ်လ်အာအေသူပုန်များ ဆုတ်ခွာကြပြီဖြစ်ပြီး အလောင်းကိုးလောင်း ကျန်ရစ်ခဲ့ကြောင်းစသည်ဖြင့် ပြောရေးဆိုခွင့်ရှိသူ မူနူဘိုင်က ပြောကြားသည်။ ***အင်တာနက်။***



**ကွန်ဂိုတွင် သောင်းကျန်းသူများနှင့် အစိုးရတပ်ဖွဲ့ တိုက်ခိုက်မှုများဖြစ်ပွားသဖြင့် စစ်ဘေးရန်မှ ရှောင်ပြေးကြသော ဒုက္ခသည်များနှင့် ကယ်ဆယ်ရေးပစ္စည်း သယ်ဆောင်လာသော ကုလသမဂ္ဂယာဉ်တန်းကို နိုဝင်ဘာ ၃ ရက်က တွေ့ရစဉ်။***(ဓာတ်ပုံ-အင်တာနက်)*

# ကမ္ဘာလှည့်ခရီးသည်ယာဉ်တိမ်းမှောက်

**ရာဘတ် နိုဝင်ဘာ ၆**

မော်ရိုကိုနိုင်ငံ ရာဘတ်မြို့တော်နှင့် ဖက်ဇ်မြို့ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမကြီးပေါ်တွင် ကမ္ဘာလှည့်ခရီးသည်တင်ဘတ်စ်တစ်စီး တနင်္လာနေ့က တိမ်းမှောက်ရာ ပြင်သစ်ခရီးသည် ၁၆ ဦး ဒဏ်ရာရရှိပြီး ယင်းတို့အနက် ငါးဦးမှာ အခြေအနေဆိုးရွားကြောင်း မက်သတင်းဌာနက ဖော်ပြသည်။ ***အင်တာနက်။***

✻ ရှေ့ဖုံးမှ

ထို့နောက် စိုက်ပျိုးရေးလုပ်ငန်းရှင်များက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ၊ လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ရန်ကုန်တိုင်း စိုက်ပျိုးရေးအထူးဇုန် (၁)နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်များရှိ ရန်ကုန်တိုင်း စိုက်ပျိုးရေးအထူးဇုန် (၂)တို့ရှိ လယ်မြေ ၈၇၃၁ ဧကၥ် စိုက်ပျိုးရေးလုပ်ငန်းရှင်များနှင့် လယ်သမားများက စက်ကိရိယာများကို အသုံးပြုပြီး အထွက်တိုး မျိုးကောင်းမျိုးသန့် စပါးများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)





ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စပါးပန်းတိုင် အထွက်နှုန်းရရှိရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား Korea International Cooperation Agency မှ ကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၆

**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား Korea International Cooperation Agency (KOICA) မှ Resident Representative , Mr. Cho Kwang Geol ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၅ရက် ညနေ ၃နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် Korea International Cooperation Agency (KOICA) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စက်မှုသင်တန်းကျောင်း စီမံကိန်း(သာဂရ) စက်ကိရိယာများ၊ သင်ကြားမှုအထောက်အကူပစ္စည်းများ တပ်ဆင်မှုအစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်းသိရှိရသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား Korea International Cooperation Agency (KOICA) မှ Resident Representative, Mr.Cho Kwang Geol နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## နိုင်ငံတကာအဆင့်မီ နက္ခတ်တာရာပြခန်း တည်ဆောက်ဖွင့်လှစ်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ သစ်တောရေးရာ ဝန်ကြီးဌာနက ဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ နက္ခတ်တာရာပြခန်းတစ်ခုကို တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)အတွင်း၌ တည်ဆောက်ဖွင့်လှစ်ရေးအစည်းအဝေးကို နိုဝင်ဘာ ၅ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်ပမှ နက္ခတ်တာရာပြခန်း တည်ဆောက်မှု ပညာရှင်များနှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နက္ခတ်တာရာပြခန်း တည်ဆောက်မှု Design & System Consultant,Mr.Jean Francois DELORME ၊ Mr. Albert Lim နှင့် Evans & Sutherland ကုမ္ပဏီမှ နက္ခတ်တာရာပြခန်းသုံးကွန်ပျူတာနှင့် ရုပ်/သံ ဆက်စပ်ပစ္စည်းများ ကျွမ်းကျင်သူ Mr. Scolt A.Niskach တို့၏ နက္ခတ်တာရာပြခန်း တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာနက စီမံဆောင်ရွက်မည့် နိုင်ငံတကာအဆင့်မီ နက္ခတ်တာရာပြခန်းတစ်ခုကို တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) အတွင်း၌ တည်ဆောက်ဖွင့်လှစ်ရေး အစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။** (သစ်တော)

## ယခုနှစ် အိုဇုန်းလွှာပေါက်၏ အရွယ်အစား စတုရန်းမိုင် ၁၀ သန်းကျော် ကျယ်ပြန့်

**ဘာသာပြန်**

**တက်လူ**

**နယူးယောက် နိုဝင်ဘာ ၆**

ယခုနှစ် စက်တင်ဘာလတွင် တောင်ဝင်ရိုးစွန်းဒေသ အန္တာတိကတိုက်အထက်ရှိ အိုဇုန်းလွှာအပေါက်မှာ စတုရန်းမိုင် ၁၀ ဒသမ ၅ သန်းအထိ ကျယ်ပြန့်ခဲ့ကြောင်း အမေရိကန်အမျိုးသား လေကြောင်းနှင့်အာကာသ စီမံခန့်ခွဲရေးအဖွဲ့ (နာဆာ)က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

နာဆာအဖွဲ့သည် အိုဇုန်းလွှာပေါက်မှု အခြေအနေကို နှစ်စဉ်တိုင်းတာမှတ်သားမှုမှာ နှစ်ပေါင်း ၃၀ ရှိခဲ့ပြီဖြစ်သည်။ လွန်ခဲ့သည့်နှစ်က အိုဇုန်းလွှာအပေါက်၏ အရွယ်အစားမှာ စတုရန်းမိုင် ၉ ဒသမ ၇ သန်း ရှိခဲ့ရာ ယင်းမှာ မြောက်အမေရိကတိုက်၏ အကျယ်အဝန်းတမျှရှိသည်။

လူတို့ဖန်တီးသော ဓာတုဗေဒဓာတ်ငွေ့များကြောင့် နှစ်စဉ် ဩဂုတ်လရောက်တိုင်း အိုဇုန်းလွှာအပေါက် စတင်ဖြစ်ပေါ်တတ်ပြီး စက်တင်ဘာလသို့မဟုတ် အောက်တိုဘာလတွင် အဆိုးရွားဆုံး အခြေအနေအထိ ရောက်ရှိတတ်သည်။

အိုဇုန်းလွှာသည် မြေမျက်နှာပြင်အထက် ကီလိုမီတာ ၂၀ မှ ၄၀ အမြင့်ရှိ လေထုလွှာအတွင်း တည်ရှိသည်။

လူတို့ထုတ်လုပ်သော ဓာတုဗေဒပစ္စည်းများကြောင့် အိုဇုန်းလွှာပျက်စီးနိုင်သည်။ အိုဇုန်းလွှာသည် နေရောင်ခြည်မှ ထွက်ပေါ်လာသော ခရမ်းလွန်ရောင်ခြည်ကို စုပ်ယူနိုင်သည်။

လူ့ပယောဂကြောင့်သာမက သဘာဝပတ်ဝန်းကျင်အခြေအနေများကြောင့်လည်း အိုဇုန်းလွှာပျက်စီးနိုင်သည်။ ကမ္ဘာ့အိုဇုန်းလွှာသည် တစ်ရာခိုင်နှုန်းမှ သုံးရာခိုင်နှုန်းအထိ ပျက်စီးခဲ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။အိုဇုန်းလွှာ တစ်ရာခိုင်နှုန်း ပျက်စီးတိုင်း ခရမ်းလွန်ရောင်ခြည် နှစ်ရာခိုင်နှုန်းတိုးလာသည်။

ခရမ်းလွန်ရောင်ခြည် သင့်ရောက်သူများမှာ မျက်စိတိမ်ရောဂါ ဖြစ်ပေါ်လာနိုင်သည်။ ၎င်းအပြင် သစ်ပင်၏ အရွက်များ ကြုံလှီခြင်း၊ သစ်ပင်များ နေရောင်ခြည်မှ စွမ်းအင်ရရှိမှု နည်းပါးလာခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်း၊ ရေသတ္တဝါနှင့်ပင်လယ်ရေညှိ ရေမှော်ပင်များ ထိခိုက်ခြင်း၊ အမြဲအေးခဲနေသော ရေခဲပြင်ကြီးများ အရေပျော်ခြင်း၊ စားကျက်မြေများ ပျက်စီးခြင်းနှင့် ရှားပါးတိရစ္ဆာန်များ မျိုးတုံးခြင်းတို့ ဖြစ်ပေါ်နိုင်သည်ဟု သိရှိရသည်။

***အင်တာနက်။***

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၅ ၆။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ လှဥ္ဆလီတင့်၊ ဂွမ်းပုံ၊ ရော)**
၈း၁၅ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈း၃၀ ၈။ International News.
၈း၄၅ ၉။ တေးဂီတအစီအစဉ်
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

**၇-၁၁-၂၀၀၈ (သောကြာနေ့)**

၄း၁၀ ၂။ အဆိုပြိုင်ပွဲ
၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၄း၃၀ ၄။ မြန်မာစာ၊မြန်မာစကား
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
၅း၁၅ ၈။ **"ငွေကြေးကိုစွမှန်သမျှ ဘဏ်ကိုသာအားကိုးကြ" (ခန့်စည်သူ၊ ဖြိုးငွေစိုး၊ ဝိုယ၊ ပုလဲဝင်း၊ ဖူးစုံ၊ သဇင်) (ဒါရိုက်တာ-မြင့်စိုး-ဝ/သ)**
၅း၂၅ ၉။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၅း၅၀ ၁၀။ တေးဂီတအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ သုတစုံလင်ရွှေညာဏ်ရှင်
၇း၀၅ ၁၄။ တေးဂီတအစီအစဉ်
၇း၂၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မှုန်တိုင်း" (အပိုင်း-၂၄)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား"(အပိုင်း-၄၄)**
၂၀။ အစီအစဉ်ပြီး၏။

# စိတ်ဒဏ်ကြားက စိတ်ခွန်အားများ

## ဒေါက်တာအေးမြတ်လွင်(ဟသ်ာတ)

နာဂစ်မုန်တိုင်းဒဏ်ခံရတဲ့ ဒေသတွေမှာ နိုင်ငံတော်က ပထမအဆင့်အနေနဲ့ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သလို ဆက်လက်ပြီး ပြန်လည်ထူထောင် တည်ဆောက်ရေး လုပ်ငန်းများကိုလည်း မရပ်မနား အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

စိတ်လူမှုဆိုင်ရာ ကူညီနိုင်ရန်ဆိုတာလည်း သဘာဝဘေးအန္တရာယ်ကျရောက်တဲ့အခါတွေမှာ ကာလတစ်ခုကနေတစ်ခု ပြောင်းလဲရွေ့လျားလာသလို စိတ်ခံစားချက်တွေကို ဖေးမကူညီဖို့ နည်းစနစ်တွေကလည်း အချိန်နဲ့အမျှ ပြောင်းလဲလုပ်ဆောင် ပေးကြရပါတယ်။

ဒါကြောင့် မုန်တိုင်းသင့်ပြည်သူများကြား ကျွန်မတို့တစ်တွေလည်း စိတ်ပိုင်းဆိုင်ရာ အားပေးထောက်ပံ့မှုများကို လုပ်ဆောင်ပေးခဲ့ကြသလို တခြားသူတွေကိုလည်း နည်းစနစ်မှန်ကန်စွာနဲ့ ပိုမိုအကျိုးသက်ရောက်မှုရှိအောင် လေ့ကျင့်ပေးခဲ့ကြပါတယ်။

ဒီလိုဗဟုသုတတွေ ဖြန့်ဝေပေးနိုင်အောင်၊ လေ့ကျင့်မှုပေးနိုင်အောင်ဆိုတာ အတိုင်းအတာတစ်ခုထိ အောင်မြင်အောင် ကြိုးစားသင်ကြားလေ့လာခဲ့ရတဲ့ သက်ဆိုင်ရာ နှစ်သိမ့်ဆွေးနွေး အကူအညီပေးခြင်းဆိုင်ရာ(Counselling) ဘာသာရပ်တွေ၊ ကောင်းဆယ်လင်းလုပ်ငန်း အတွေ့အကြုံတွေ၊ နိုင်ငံရပ်ခြားမှာ မဟာဘွဲ့ယူစဉ်၊ ပြည်တွင်း ဘွဲ့လွန်တွေ ယူစဉ်တုန်းက ပြုစုခဲ့ရတဲ့ ကျမ်းစာတွေအတွက် စိတ်လူမှုဆိုင်ရာ အကြောင်းတွေ လေ့လာလိုက်စားခဲ့ရတဲ့ အကျိုးတွေ၊ စိတ်ပညာဌာန ရန်ကုန်တက္ကသိုလ်မှာ ကျွန်မတို့ ဘွဲ့လွန်တက်ခဲ့စဉ်က သင်ကြားတတ်မြောက်ခဲ့ကြတဲ့ အသုံးချစိတ်ပညာ (Applied Psychology)နဲ့ လူမှုရေးဆိုင်ရာ (Social Work) ဘာသာရပ်တွေကလည်း ကျွန်မတို့အတွက် ကြီးမားသော အထောက်အကူကို ဖြစ်စေခဲ့ပါတယ်။

ကျွန်မတို့တစ်တွေ ဒီဘာသာရပ်တွေကို တစိုက်မတ်မတ် လေ့လာခဲ့စဉ်က သူငယ်ချင်းအချို့က စိတ်မဝင်စားခဲ့ကြပေမယ့် ခုတော့ အရမ်းစိတ်ဝင်စားလာကြတာကို တွေ့ရပါတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ စိတ်ဝင်စားခြင်းမို့ စိတ်ဝင်စားသူ သူငယ်ချင်းများကို ဂုဏ်ယူမိသလို မုန်တိုင်းသင့် ပြည်သူတွေအတွက် အားပေးလို၊ ဖေးမလိုတဲ့ သူတို့ရဲ့ စိတ်ဓာတ်တွေအတွက်လည်း ဝမ်းသာရပါတယ်။ သည်ထက်ပိုပြီး ကျေနပ်ရတာကတော့ တချို့ဆိုရင် မုန်တိုင်းဒဏ် ခံရသူတွေကိုယ်တိုင် သည်လိုအချင်းချင်း အားပေးလိုတာကို စိတ်အားထက်သန်စွာ လိုလားကြတာကို သိရ၊ တွေ့ရပြန်တော့ ကျွန်မတို့ထက် ပိုမိုအားပြင်းတဲ့ အင်မတန်ကြည်နူးရစေတဲ့ သူတို့တွေရဲ့ စိတ်ခွန်အားတွေ ပါလားလို့ ကျေနပ်ချီးကျူးရပြန်ပါတယ်။

မုန်တိုင်းသင့်ခံ ပြည်သူများကြား စိတ်လူမှု အခက်အခဲများကို ရင်ဆိုင်နေရသူများအတွက် ကျွန်မတို့တစ်တွေ ကျွန်မတို့နဲ့ပတ်သက်ဆက်နွှယ်နေသူတွေကိုလည်း မုန်တိုင်းပြီးစထဲက လက်တွေ့လေ့ကျင့်သင်ကြားပေးတဲ့ သင်တန်းတွေကို ဆက်တိုက်ဆိုသလို ပေးဖြစ်ခဲ့ကြပါတယ်။

သည့်အပြင် ကျွန်မတို့ကိုယ်တိုင် ဘာသာရပ်ဆိုင်ရာ ဆရာဖြစ်သင်တန်းတစ်ခုကို ထပ်မံတက်ရောက်ခဲ့ကြပါတယ်။ တက်ရောက်ခဲ့တဲ့ ကိုးရက်အတွင်းမှာ ကျွန်မနဲ့ သင်တန်းအတူပေးခဲ့တဲ့ စိတ်ရောဂါအထူးကုဆရာဝန်ကြီးတို့ဟာ လက်တွေ့မှာ ကိုယ့်နိုင်ငံ ကိုယ့်ဒေသ၊ ကိုယ့်ယဉ်ကျေးမှုနဲ့ ကိုက်ညီနိုင်တဲ့ အကြောင်းအရာများ၊ လုပ်ဆောင်နိုင်ပုံများ၊ ကျေးရွာလူထုကြားမှာ ဆောင်ရွက်နိုင်မယ့် လေ့ကျင့်မှုများ၊ ဒေသခံပြည်သူတွေနဲ့ ကိုက်ညီနိုင်မယ့် အထောက်အကူပြု သင်ကြားနိုင်ပုံစနစ်များကို ဦးစားပေး ဆွေးနွေးဖြစ်ခဲ့ပါတယ်။

သင်တန်းတက်ပြီးနောက်ပိုင်း ကျွန်မတို့ရဲ့ စိတ်လူမှုဆိုင်ရာ လုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်ခဲ့ကြပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ သက်ဆိုင်ရာဒေသ အာဏာပိုင် အဖွဲ့အစည်းများရဲ့ ခွင့်ပြုချက်နဲ့ ကျွန်မတို့တစ်တွေ မုန်တိုင်းသင့်ပြည်သူတွေကြားအထိ သွားရောက်ပြီး သင်တန်းတွေကို ပေးဖြစ်ခဲ့ပါတယ်။ ကျွန်မတို့တက်ခဲ့တဲ့ သင်တန်းမှာ ကျွန်မတို့ကိုယ်တိုင် သင်တန်းသားဖြစ်ခဲ့စဉ် ဘယ်လောက်ပဲ တကယ်ဖြစ်နေတဲ့နေရာတွေကို ကိုယ်စားပြုပြီး ဆွေးနွေးခဲ့တယ်လို့ ပြောပြခဲ့ကြပေမယ့် ရာနှုန်းပြည့် သရုပ်ဆောင်လို့ မရခဲ့ကြပါဘူး။

တကယ်ဖြစ်နေတဲ့နေရာကို သွားရောက် သင်တန်းပို့ချတဲ့အခါမှာ ပြည်သူတွေကြားက ပြည်သူတွေဖြစ်နေကြသလို တကယ်ခံစားခဲ့ရသူများလည်း ပါနေကြတာကြောင့် အဖြစ်မှန်တွေအတွက် အချင်းချင်း ထိရောက်တဲ့ ဝန်ဆောင်မှုတွေကိုပေးဖို့ရန် လေ့ကျင့်ဖို့ ခွန်အားတွေနဲ့ အဆင်သင့် ဖြစ်နေကြပါတယ်။

ကိုယ်တိုင်ခံစားခဲ့ရသူတွေပါတဲ့ သင်တန်းကို ပေးရတဲ့အခါမှာ သင်တန်းသူ၊ သင်တန်းသားတချို့ရဲ့ စိတ်ဒဏ်တွေကိုလည်း နားလည်ပေးဖို့ လိုအပ်လှပါတယ်။ သူတို့ ခုလိုစိတ်ဖိစီးမှုတွေ ခံစားကြရတာဟာ ပုံမှန်မဟုတ်တဲ့ နာဂစ်ဆိုတဲ့ သဘာဝလေဘေးအန္တရာယ် (Abnormal Event)ကို ပုံမှန်တုံ့ပြန်မှု (Normal Response) ဖြစ်တာကြောင့် ဘေးလူဖေးမကူရုံနဲ့ အများစုဟာ ပြန်လည်နာလန်ထူပြီး ကိုယ့်လမ်းကို ကိုယ်လျှောက်လို့ ရတယ်ဆိုတဲ့အသိကို အစဆုံးပေးခဲ့ရပါတယ်။ သည်အသိ ဝင်သွားတယ်ဆိုရင်ပဲ သင်တန်းကာလ တောက်လျှောက်မှာ အားအင်အပြည့်နဲ့ တက်ရောက်သင်ကြားပြီး ဆွေးနွေးကြတာတွေဟာ ကျွန်မတို့သင်တန်းတွေရဲ့ အောင်မြင်မှုတစ်ခုကို ရှေးရှုနေတယ်ဆိုတာကို မြင်တွေ့နေရပါတယ်။

သင်တန်းမှာ နာဂစ်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု၊ ပျောက်ဆုံးမှု၊ လိုအပ်ချက်တွေရှိသလို ရရှိလိုက်တဲ့ အကျိုးကျေးဇူးတွေအပေါ် ဆွေးနွေးကြတဲ့အခါမှာ တစ်ဖက်မှာ ဆုံးရှုံးသွားသလို တစ်ဖက်မှာလည်း ရရှိလိုက်တဲ့ အကျိုးအမြတ်တွေအပေါ်မှာ စဉ်းစားတွေးခေါ်လာတတ်ပြီး ဘယ်လိုစိတ်ပိုင်းဆိုင်ရာ တည်ငြိမ်ရမယ်၊ ဘယ်လို ကိုယ့်နေရာကိုယ့်ဒေသ၊ ကိုယ့်အသိုင်းအဝိုင်းအတွင်း စိတ်လူမှုစောင့်ရှောက်နိုင်ဖို့ ကိုယ်ဘာတွေလုပ်ရတော့မယ်ဆိုတာ သူတို့ကိုယ်တိုင် မျက်ဝါးထင်ထင် တွေးခေါ်လာတတ်တာ တွေ့ရပါတယ်။

ပြည်သူတွေကြားမှာ အားပေးကူညီမှု နည်းလမ်းတွေကို လက်တွေ့ကျကျ စနစ်တကျ ဆွေးနွေးပေးပြီး လေ့ကျင့်ပေးခဲ့ကြပါတယ်။ သရုပ်ဆောင်ခန်းတွေ ပါတဲ့အခါမှာ အားပေးရန်လိုအပ်သူ (Client) ကိုယ်တိုင် တကယ့်ဖြစ်ရပ်မှန်တွေ ကိုယ့်အသိုင်းအဝိုင်းကြား ခံစားခဲ့ရတဲ့ ဖြစ်ရပ်မှန်တွေအပေါ် ခံစားတင်ပြနေတာကို တွေ့ရပါတယ်။ တစ်ဖက်က ဖေးမကူသူအဖြစ် (Psychosocial Service Provider) သရုပ်ဆောင်သူကလည်း အားပေးစကား ပြောကြားပေးပုံက သာမန်သရုပ်ဆောင်တာ မဟုတ်တော့ဘဲ တကယ်ပဲ အားပေးနေတာဖြစ်လို့ လိုအပ်တဲ့ အတိုင်းအတာကို ကျော်လွန်သွားတဲ့ ရလဒ်တွေ ကျွန်မတို့အားလုံး ရရှိခံစားရပါတယ်။

သရုပ်ဆောင်အပြီးမှာ အားပေးရန်လိုအပ်သူ (Client)၊အားပေးသူ (Psychosocial Service Provider) တို့ရဲ့ နှစ်ဦးစလုံးရဲ့ သဘောထားတွေကို တင်ပြလာတဲ့အခါမှာ အားပေးရန် လိုအပ်သူ ခံစားချက်ရှိသူဘက်ကလည်း တကယ်ပဲ ရင်ထဲမှာ ပေါ့သွားသလို တကယ်အားပေးရမယ့်အချိန်မှာ ကိုယ့်လိုပဲ ခံစားနေရမှာပါလား၊ တစ်ဖက်လူက ကိုယ့်ကိုအားပေးတဲ့ပုံ အားပေးနည်းတွေကို အတုယူကျင့်သုံးဖို့လိုတယ်ဆိုတာကို သိရှိပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်ရှိလာတယ်လို့ အများစုက ဖြေဆိုလာကြပါတယ်။

အားပေးသူအဖြစ် သရုပ်ဆောင်သူကလည်း တကယ် အားပေးသလို ခံစားလာရတဲ့အတွက် တကယ့်အဖြစ်အပျက်မှာ ဒီထက်မှန်ကန်အောင် လုပ်ဆောင်ပေးရင် အလွန်ထိရောက်မယ့် လုပ်ငန်းဖြစ်မယ်ဆိုတာ သိလာတာကြောင့်ရယ် မှားနေတာတွေ၊ အားမရစရာတွေကိုလည်း တစ်ခါတည်း ပြင်ဆင်ခွင့်ရတာကြောင့်ရယ်ကြောင့် ပိုမိုအားစိုက်လာတာ တွေ့ရပါတယ်။

ပြည်သူတွေကြားမှာ အားပေးကူညီရင်း ခြေကုန်လက်ပန်းကျလာတဲ့ အခါမျိုးတွေမှာ အားပေးကူညီသူ အချင်းချင်းလည်း အပြန်အလှန် ဝိုင်းဝန်းကူညီစောင့်ရှောက်ရင်း (Inter Collegial Support) အကူအညီပေးလို့ရတဲ့အကြောင်း ပြောပြဆွေးနွေးပြီး လေ့ကျင့်စေတဲ့အခါမှာ ပိုမိုအားရှိလာပြီး သင်တန်းပြီးတာနဲ့ သူတို့စပြီး ဆောင်ရွက်တော့မယ်ဆိုတာကို ပြောကြားလာကြပြန်ပါတယ်။

တစ်ဆက်တည်းမှာပဲ ကိုယ့်ရပ်ကိုယ့်ရွာအတွင်းမှာ အားသာသူ အမျိုးသား၊ အမျိုးသမီးများ မတူညီမှုတွေ ကွဲပြားမှုတွေအပေါ် အခြေခံပြီး အားနည်းသူအပေါ် အကြမ်းဖက်ခြင်း၊ အနိုင်ကျင့်ခြင်းများ မရှိရလေအောင် ကိုယ့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့၊ ဖြစ်ပေါ်လာနိုင်ခြေရှိတဲ့ အခြေခံတဲ့ လူမှုရေးပြဿနာများ မပေါ်ပေါက်လာစေဖို့ အချင်းချင်း အားပေးကူညီရိုင်းပင်းကြဖို့ကိုလည်း ဆွေးနွေးသင်ကြားပေးခြင်း၊ လေ့ကျင့်ခြင်းများကို လုပ်ဆောင်ကြတဲ့အခါ စိတ်ဝင်စားစွာနဲ့ ကိုယ့်ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာ အချင်းချင်း စောင့်ရှောက်တတ်တဲ့ အလေ့အကျင့်ကိုလည်း ရရှိစေဖို့ စိတ်အားထက်သန်စွာ ကြိုးစားကြပြန်ပါတယ်။

သင်တန်းရက် ပြီးဆုံးသွားပြီး ချက်ချင်းပဲ သူတို့ပတ်ဝန်းကျင်မှာ ရှိနေတဲ့ စိတ်ဆင်းရဲနေသူတွေ စိတ်ဓာတ်ကျပြီး ဘဝလမ်းစပျောက်နေတယ်လို့ ထင်နေရသူတွေကို ဖေးမအားပေးမှုများ လုပ်ဆောင်ခဲ့ကြပြီး ကျွန်မတို့အဖွဲ့ ရန်ကုန်မပြန်ခင်မှာ လာရောက်ပြီး သူတို့ရဲ့အားပေးမှုကို လက်ခံကြတာတွေ၊ ထပ်ပြီးတောင်းဆိုတာတွေကို ပီတိအပြည့်နဲ့ ပြောနိုင်ခဲ့ကြပါတယ်။

သူတို့အတွက် စိတ်ဒဏ်သင့်တာတွေ လျော့နည်းသွားသလို အများအတွက် ဖေးမအားပေးနိုင်တဲ့ စိတ်ခွန်အားများကိုလည်း ရရှိတဲ့အတွက် အလွန်ကျေနပ် ဝမ်းမြောက်ကြောင်းကိုလည်း ပြောပြကြပါတယ်။ သူတို့ရဲ့ စိတ်ခွန်အားတွေကို ကိုယ်တိုင်မွေးရင်း ကျန်သူများကိုလည်း စိတ်ခွန်အားတွေ တက်လာဖို့ ကြိုးစားမယ်လို့လဲ ပြောပြကြပါတယ်။

နာဂစ်မုန်တိုင်း တိုက်ခတ်မှုဟာ အသက်အိုးအိမ်စည်းစိမ် စိတ်ဓာတ်တွေကို အလဲထိုးသွားပြီလားလို့ စစချင်းမှာ ကျွန်မအနေနှင့် ခံစားစိုးရိမ်ခဲ့ရပါတယ်။ စိတ်လူမှု စောင့်ရှောက်တာကို စိတ်ဝင်စားတဲ့ ကျွန်မအတွက် မုန်တိုင်းသင့် နယ်မြေတချို့ကို ရောက်တဲ့အခါ ကျွန်မတို့လိုပဲ စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းတွေ လုပ်ဆောင်နေကြတဲ့ အဖွဲ့တွေကို တွေ့ရတဲ့အခါ ကျွန်မအနေနဲ့ အလွန်အမင်း အားရကျေနပ်မိပါတယ်။

မုန်တိုင်းဒဏ်သင့်လို့ ကျန်ရစ်ခဲ့သူများကို ဘက်စုံထောင့်စုံက ကူညီဆောင်ရွက်နေချိန်မှာ လိုအပ်တဲ့ အခန်းကဏ္ဍဖြစ်တဲ့ အားပေးဖေးမခြင်းဖြင့် စိတ်ခွန်အားများကို တိုးတက်စေခြင်းဟာ သူတို့ရဲ့ ဘဝလမ်းကြောင်းကို ကိုယ်တိုင်ပြန်လည် နားလည်သဘောပေါက် ရပ်တည်လျှောက်လှမ်းလာစေနိုင်တယ်ဆိုတာကို ကျွန်မတို့ မျက်ဝါးထင်ထင် တွေ့လိုက်ရပြီဖြစ်လို့ ကျေနပ်မှုတွေကို ထပ်ခါထပ်ခါ ခံစားလိုက်ရပါတော့တယ်။ ။





မော်လမြိုင်ကျွန်းမြို့နယ်မှ လေဘေးသင့်ပြည်သူများအား အနုပညာရှင်တစ်ဦးက ရွှင်လန်းတက်ကြွဖွယ် စိတ်ခွန်အားများရရှိအောင် ဤသို့ ဖျော်ဖြေတင်ဆက်ပေးခဲ့သည်။

## ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အငြိမ်းမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (TTC) ၌ ၁၉၇၄ခုနှစ်မှ ၁၉၈၀ပြည့်နှစ် ဒသမတန်းအထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အငြိမ်းမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၂ရက် (အမျိုးသားနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ပညာ့ဗိမာန်ခန်းမ၌ကျင်းပမည်ဖြစ်ပါ၍ ကန်တော့ခံ ဆရာကြီး၊ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေနှင့် စုံညီစွာတက်ရောက်ကြပါရန်နှင့် အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို ပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အာရှအသက် (၁၉)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်းက ကိုရီးယားပြည်သူ့သမ္မတနိုင်ငံအမျိုးသမီးအသင်းကို ရှုံးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၆**

အာရှအသက် (၁၉)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲ (က)အုပ်စု၏နောက်ဆုံးပွဲစဉ်များကို ယနေ့ဒေသစံတော်ချိန် ၄ နာရီတွင် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ဆက်လက် ယှဉ်ပြိုင်ကစားရာ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ အမျိုးသမီးအသင်းက မြန်မာအမျိုးသမီးအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အုပ်စု (က)တွင် ငါးပွဲကစား သုံးပွဲနိုင် နှစ်ပွဲရှုံး ကိုးမှတ်ဖြင့် အုပ်စုတတိယ ရရှိခဲ့ပြီး နိုဝင်ဘာ ၇ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် အနာဂတ်သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေးစီမံချက်ရေးဆွဲရေးဆိုင်ရာ ဝန်ကြီးဌာနပေါင်းစုံ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၆

**နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် အနာဂတ်သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေး စီမံချက်(PONREPP)ရေးဆွဲရေးဆိုင်ရာ ဝန်ကြီးဌာနပေါင်းစုံ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပသည်။**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အာဆီယံနှင့် ကုလသမဂ္ဂတို့မှ ကိုယ်စားလှယ်များ၊ အလှူရှင်နိုင်ငံများနှင့် အာဆီယံနိုင်ငံများမှ သံရုံးအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ INGO,NGO အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ညှိနှိုင်းအစည်းအဝေးတွင် သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Bansarn Bunnag နှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ် Mr. Bishow Parajuli တို့က အမှာစကား ပြောကြားကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် နာဂစ်မုန်တိုင်းအပြီး ပူးတွဲလေ့လာသုံးသပ်ရေးအစီရင်ခံစာ(PONJA Report)ကိုပြုစုထုတ်ဝေခဲ့ပြီးနောက်ဆက်လက် အကောင်အထည် ဖော်ဆောင်မည့် လုပ်ငန်းများအနက် မြန်မာနိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မုန်တိုင်းဒဏ်သင့်ဒေသများပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သုံးပွင့်ဆိုင် ဗဟိုအဖွဲ့က အထောက်အကူပြုပေးနိုင်မည့် နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် အနာဂတ် သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေးစီမံချက် (Post Nargis Recovery and Preparedness Plan-PONREPP)ကို ရေးဆွဲသွားရန်ဖြစ်သည်။

**စုပေါင်းရေးဆွဲ**

PONREPP စီမံချက်ကို နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန ၁၆ ခုတို့က ရေးသားပြုစုထားရှိသည့် ပြန်လည်ထူထောင်ရေးနှင့် အနာဂတ်သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေး စီမံချက်များအပေါ်တွင် အခြေခံကာ မြန်မာအစိုးရ၊ အာဆီယံနှင့်ကုလသမဂ္ဂတို့ကစုပေါင်းရေးဆွဲသွားမည်ဖြစ်သည်။ ကုလသမဂ္ဂ၏ အဖွဲ့အစုစနစ်(Cluster System)ဖြစ်သည့် အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ အိမ်ရာ နေထိုင်ရေးနှင့် Disaster Risk Reduction-DRR စသည့် ကဏ္ဍခြောက်ခု ခွဲခြားသတ်မှတ်ပြီး မြန်မာနိုင်ငံအစိုးရကိုယ်စားလှယ်များအဖြစ် ယင်းကဏ္ဍခြောက်ခုနှင့် သက်ဆိုင်သော ဝန်ကြီးဌာန ၁၁ ခုမှ အဆင့်မြင့် အရာရှိကြီးများ ပါဝင်ဆွေးနွေး အကြံပြုခဲ့ကြသည်။ (သတင်းစဉ်)

**သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ နာဂစ်မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် အနာဂတ်သဘာဝဘေးဒဏ် ကြိုတင်ကာကွယ်ရေးစီမံချက် (PONREPP) ရေးဆွဲရေးဆိုင်ရာ ဝန်ကြီးဌာနပေါင်းစုံ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)







**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အာရှဖွံ့ဖြိုးရေးဘဏ် အမှုဆောင်ဒါရိုက်တာ Mr. Md. Saad Hashim လာရောက်တွေ့ဆုံစဉ်။** (ဘဏ္ဍာ/အခွန်)

# ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အာရှဖွံ့ဖြိုးရေးဘဏ် အမှုဆောင်ဒါရိုက်တာတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အာရှဖွံ့ဖြိုးရေးဘဏ် အမှုဆောင်ဒါရိုက်တာ Mr. Md. Saad Hashim သည် နိုဝင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ပညာပေးဟောပြော၊ စာအုပ်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်အရှေ့ပိုင်းခရိုင်သာကေတ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသော တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများ အောင်ချက်ရာနှုန်း မြင့်မားလာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားရေး ပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်လှူဒါန်းပွဲတို့ကို နိုဝင်ဘာ ၃ ရက်က အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဒေါ်ရည်လေးလွင်(စာထောက်-၃)က ဆောင်ရွက်ပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်တင်တင်လှိုင်က အမှာစကားပြောကြား၍ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာဦးက "ရည်မှန်းချက်ရှိရမယ်" ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်ပြီး စာအုပ်လှူဒါန်းပွဲကိုကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်လှိုင်က စာအုပ်စာစောင် ၁၀၀ **(အောက်ပုံ)**နှင့် သုဓမ္မဇောတရေးဦးထိန်ဝင်း၊ ဒေါ်ဆွေဆွေအိမိသားစုက စာစောင်၊ မဂ္ဂဇင်း ၂၀၀ တို့ကို သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် လှူဒါန်းခြင်းကို မြို့နယ်ဦးစီးမှူး ဒေါ်မာမာဦးက လက်ခံရယူသည်။ (မြို့နယ်ပြန်/ဆက်)




# Myanmar Agri-Tech Ltd. ခြံစည်းရိုးကြက်ဆူဆီမှ ထုတ်လုပ်သည့် ဇီဝဒီဇယ်ဆီအသုံးချမှု သရုပ်ပြပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

SPA/FMI ကုမ္ပဏီအုပ်စု၏ Myanmar Agri-Tech Ltd. က ခြံစည်းရိုးကြက်ဆူဆီမှ ထုတ်လုပ်သည့် ဇီဝဒီဇယ်ဆီ အသုံးချမှု သရုပ်ပြပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် SPA/FMI ကုမ္ပဏီအုပ်စုနှင့် Myanmar Agri-Tech Ltd. တို့၏ဥက္ကဋ္ဌဦးသိမ်းဝေ(ခ) Mr.Serge Punနှင့် ကိုရီးယားသမ္မတနိုင်ငံ Enertech Co., Ltd. ဥက္ကဋ္ဌ Mr.Kim Sung Soo တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် SPA/FMI ကုမ္ပဏီအုပ်စုနှင့် Myanmar Agri-Tech Ltd.တို့၏ဥက္ကဋ္ဌ ဦးသိမ်းဝေ(ခ) Mr. Serge Pun နှင့် ကိုရီးယားသမ္မတနိုင်ငံ Enertech Co., Ltd. ဥက္ကဋ္ဌ Mr.Kim Sung Soo တို့သည် မြန်မာနိုင်ငံ၌ ခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ဆီ ထုတ်လုပ်မှုစက်ရုံ တည်ဆောက်ရေးနားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ဧည့်သည်တော်များသည် ခြံစည်းရိုးကြက်ဆူဆီကြမ်းမှ ဇီဝဒီဇယ်ဆီထုတ်လုပ်ထားရှိပုံ၊ သုံးစွဲပုံတို့ကိုခင်းကျင်းပြသထားမှုနှင့်မီးစက်နှင့်မော်တော်ယာဉ်များကို ဇီဝဒီဇယ်ဆီဖြင့် လက်တွေ့မောင်းနှင်ပြသမှု **(အောက်ပုံ)**တို့ကို ကြည့်ရှုလေ့လာကြသည်။ နိုဝင်ဘာ ၅ရက်က လက်တွေ့သရုပ်ပြသသည့် ဇီဝဒီဇယ်ဆီ အမျိုးအစားမှာ ကိုရီးယားသမ္မတနိုင်ငံ၌အများပြည်သူသို့ ရောင်းချခွင့်ရရှိပြီးဖြစ်ကြောင်းနှင့် SPA/FMI ကုမ္ပဏီအုပ်စု၏ Myanmar Agri-Tech Ltd.သည် စက်သုံးဆီအစားထိုး ဇီဝဒီဇယ်ဆီကိုပြည်တွင်း၌ တွင်ကျယ်စွာအသုံးပြုနိုင်ရန်သာမက ပြည်ပပို့ကုန်အဖြစ်တိုးချဲ့ ထုတ်လုပ်နိုင်ရေးအတွက်နိုဝင်ဘာ၅ရက်အထိရောဝတီတိုင်း ပုသိမ်-မော်တင်စွန်းကားလမ်းဘေး၌ မော်တင်ခြံစည်းရိုးကြက်ဆူစိုက်ခင်းဧကနှစ်ထောင်ကို အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)




# တစ်ချက်တည်းဖြင့် ကျင်းဝင်

**ရန်ကုန် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဗိုလ်မှူး အောင်ကြည်(ငြိမ်း)သည် ကစားဖော်များဖြစ်ကြသော ဦးကျော်ခင်(ကေကေ)၊ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးရေထက်ဒိုး၊ ဦးဝင်းကြည်(စုစုအေးအောင်)၊ ဦးတက်တိုး၊ ဦးခင်မောင်မြင့်တို့နှင့်အတူ အောက်တိုဘာ ၂၉ရက်က ရန်ကုန်ဂေါက်ကလပ်(ဒညင်းကုန်း)၌ ဂေါက်သီးရိုက်ကစားစဉ် Srixon(Soft Feel) No.3 ဘောလုံးကို Katana Iron No.(7) သံတုတ်ဖြင့်ရိုက်လိုက်ရာ ကိုက် ၁၆၀ အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၄)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး မြိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၆

**တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးသည် အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီတွင် မြိတ်မြို့ အေးရိပ်ချောင်း လမ်းကွေ့ဖြောင့်ခြင်း၊ လမ်းချဲ့ခြင်းလုပ်ငန်းကိုလည်းကောင်း၊ အထက(၁)လမ်း ကွန်ကရစ်တံတား ပြုပြင်ခြင်း လုပ်ငန်းကိုလည်းကောင်း၊ စည်ပင်သာယာရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဘုရားကိုင်လမ်း အရှည်ပေ ၂၄၀၀ ကတ္တရာခင်းခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် တိုင်းမှူးသည် ဘုရားကိုင်အခြေခံပညာ မူလတန်းလွန်ကျောင်း၊ မြို့သစ်အခြေခံပညာ အလယ်တန်းကျောင်းခွဲနှင့် အုန်းတောအခြေခံပညာ မူလတန်းကျောင်းများ၏ တိုးချဲ့ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နောက်လယ် အမှတ်(၁)တံတား၌ မြိတ်ဝန်းကျင် ကျေးရွာများမှ ခရီးသည်နှင့် ကုန်တင်လှေ၊ သင်္ဘောများ ဆိုက်ကပ်ရပ်နားမှုကို ကြည့်ရှုကာ ဒေသခံခရီးသည်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မေးမြန်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မြိတ်မြို့ကမ်းနားလမ်း ရတနာပန်းဥယျာဉ် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု၊ မြိတ်မြို့ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဖလမ်းမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

# မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ ဆယ်နှစ်ပြည့်အထိမ်းအမှတ် ဟောပြောပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၆

**သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်းများ၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ် ဟောပြောပွဲများကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ်ပင်မဆောင်၌ ကျင်းပမည်ဖြစ်သည်။**

ဟောပြောပွဲများကို နိုဝင်ဘာ ၇ရက် မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ပါမောက္ခဒေါ်ရီရီမြင့်က “ICT for HR Development” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၈ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ဒေါက်တာအောင်ထွန်းသက်က “ICT Impact Analysis” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်းလွဲ ၁နာရီမှ ညနေ ၄ နာရီအထိ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အတွင်းရေးမှူး ဦးငြိမ်းဦးနှင့် အလုပ်အမှုဆောင်များက “ICT Professional Development” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နိုဝင်ဘာ ၉ ရက် နံနက်၉နာရီတွင် ပါမောက္ခဒေါက်တာဒေါ်ခင်စန်းရီက “BPR for Effective ICT Utilization” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် အလုပ်အမှုဆောင်များက “Panel Discussion for ICT Industry Development” ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံး ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာစာမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာဌာန စတင် တည်ထောင်သည့် ၁၉၄၁ ခုနှစ်မှစ၍ မြန်မာစာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၇၀)ပြည့်ပြီးသည့် ဆရာကြီး ဆရာမကြီး ၄၁ ဦးတို့အား တက္ကသိုလ်ကောလိပ် အသီးသီး၊ ပညာသင်နှစ်အသီးသီးမှ တပည့်မြန်မာစာ ကျောင်းသားဟောင်း မျိုးဆက်သစ်များက ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ပူဇော်ပွဲကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲအတွက် အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများသည် ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်ဆန်းဦး ဖုန်း-၅၃၆၀၇၂၊ ၀၉-၅၀၅၂၈၀၃၊ ဒေါက်တာခင်ဆွေမြင့်(ပါမောက္ခ/ဌာနမှူး၊ငြိမ်း)ဖုန်း-၅၆၃၆၁၆၊ ၀၉-၅၆၀၇၂၀၀၊ တွဲဖက်ပါမောက္ခဦးမျိုးသန့် ဖုန်း-၅၃၆၀၇၂၊ ၀၉-၅၀၁၀၇၅၄၊ ဒေါ်သက်သက်ဆွေ ဖုန်း-၅၇၇၁၂၆၊ ဗိုလ်မှူးကြီးမြင့်အုန်း ဖုန်း-၀၆၇-၄၁၄၅၉၃၊ ၀၆၇-၄၁၄၅၇၄၊ ဦးအောင်စိုးဦး ဖုန်း-၂၄၃၇၆၃၊ ၇၀၅၈၇၇၊ တော်ဝင်နှင်းဆီ ဦးစိုးညွန့် ဖုန်း-၅၄၂၇၁၉၊ ၅၄၂၇၂၀၊ ၀၉-၅၀၁၃၆၂၃၊ ဦးတင်အောင် ဖုန်း-၅၂၆၇၃၅၊ ၀၉-၅၀၁၂၁၄၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ တာချီလိတ်တွင်ကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၆ရက် နံနက် ၉နာရီက အောင်မြတ်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုး၊ ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်းက အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင်က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)ဥက္ကဋ္ဌထံမှပေးပို့သော စာဆိုတော်နေ့သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် စာရေးဆရာကြီးများဖြစ်ကြသော တက္ကသိုလ်သန်းက လေစောင်းထက်စာစောင်းထက်သည် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်မောင်မြင့်အေးက စာရေးဆရာလုပ်မယ်ဆိုရင် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်မြင့်ကြွယ်က လူ့ဘဝတန်ဖိုးအကျိုးရှိစေဖို့ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြသည်။

ထို့နောက် သက်ကြီးစာပေပညာရှင်များအတွက် အလှူငွေကျပ်ရှစ်သိန်းကို တာချီလိတ် တပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုးက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁)ဦးသန်းလှိုင်(တက္ကသိုလ်သန်း)သို့ပေးအပ်သည်။ ဆက်လက်ပြီး မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်က စာရေးဆရာများအား ဂါရဝလက်ဆောင်ပေးအပ်ပြီး မြန်မာနိုင်ငံစာပေစာနယ်ဇင်းအဖွဲ့(ဗဟို)ကလည်း စာအုပ်များ လက်ဆောင်ပေးအပ်သည်။ ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲတို့ကိုကြည့်ရှုကြပြီး စာအုပ်ဈေးရောင်းပွဲတော်မှ စာအုပ်များဝယ်ယူအားပေးကြကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

■ **ဖွံ့ဖြိုးဝေစည်မှ**

အမည်အားဖြင့် “ဦးကပ်ဒီလ်လို” ခေါ်ကြောင်း၊ ဖာရ်သောက်ရပ်ကွက်မှာ နေထိုင်သူတစ်ဦးဖြစ်ကြောင်း သိရသည်။ သတင်းစာနှင့် နိုင်ငံရေးစာပေများကို အဓိကဖတ်ကြောင်း ပြောပြီး **“ဒါမှ သတင်းအမှန်နဲ့ ဘယ်သူတွေ ဘာတွေလုပ်နေတယ်၊ အဖျက်လုပ်တာလား၊ အကောင်းလုပ်တာလားဆိုတာ သိရအောင်လို့၊ ဒါမှလဲ သူများတွေကို ပြန်ပြောနိုင်တာပေါ့”** ဟု တိုတိုရှင်းရှင်းလိုရင်းကို ဒွဲပြောပြီး စာအုပ်လေးကို ပြန်ကိုင်နေ၍ အလိုက်တသိ အနားမှ ထွက်ခွာလာခဲ့သည်။

ခရိုင်ပြန်ဆက် ဦးစီးအရာရှိ ဦးမန်းစိန်ကလည်း စာကြည့်တိုက်ကို နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်ကြောင်း၊ နေ့စဉ် စာဖတ်သူတို့ မပြတ်ရှိကြောင်း၊ နေ့စဉ်ထုတ် သတင်းစာကြီး နှစ်စောင်အပြင် ဘာသာရပ်အလိုက် စာအုပ်အမျိုးအစား ဆယ်မျိုးရှိပြီး စာအုပ်ပေါင်း ၅၀၀၀ ကျော် စုမိပြီဖြစ်ကြောင်း ဂုဏ်ယူစွာ ပြောကြားသည်ကို နားထောင်ခဲ့ရသည်။

ထိုမှတစ်ဆင့် ပေ ၅၈၀၀ အမြင့်တွင် တည်ဆောက်ထားသော ‘ဗန်ကာအို’တောင်ထိပ်ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဆီသို့ ရောက်ခဲ့ကြပြန်ပါသည်။ ကျေးလက်လူထုအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ နိုင်ငံခြားငွေ (ယန်း ၁ဒသမ ၈၈၁ သန်း) ပြည်တွင်း ငွေကျပ် ၂ဒသမ၃၈၄သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ စတင်ထုတ်လွှင့်ပေးနိုင်ခဲ့သည့်အချိန်မှစ၍ ဖလမ်းမြို့နယ်နှင့် အနီးကျေးရွာ ၂၅ ရွာမှ ကြည်လင်စွာ ဖမ်းယူကြည့်ရှု အပန်းဖြေနိုင်ကြောင်း သိရသည်။

တစ်ဖန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနမှဖွင့်လှစ်ထားသော အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ ဝင်ရောက်လေ့လာခွင့် ရခဲ့သဖြင့် ကျောင်းအတွင်းဝင်လိုက်မိသည်နှင့် သင်တန်းသူများ၏ တစ်ပြိုင်တည်းနှုတ်ဆက်သံကြောင့် အမောပြေခဲ့ရသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်သိဂီကျော်က ကျောင်းအတွင်း သင်တန်းသူတို့၏ တတ်မြောက်မှုတို့အား လိုက်လံရှင်းပြရင်း သင်တန်းကျောင်းကို ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အသက်(၁၆)နှစ်မှ အသက်(၃၀)အတွင်း မိဘမဲ့သူ၊ ဆင်းရဲနွမ်းပါးသူ အမျိုးသမီးများကိုသာ လက်ခံသင်ကြားပေးနေပြီး အမျိုးသမီးများ တတ်အပ်သော အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ ကနုကမာ ကျောက်စီပန်းချီသင်တန်း၊ လက်ရက်ကန်းသင်တန်း၊ ကြိမ်၊ ဝါးထိုး သင်တန်း ခြောက်မျိုးကို သင်ကြားပေးနေကြောင်း သိရသည်။

ထို့အတူ နယ်စပ်စည်ပင်မှပင် ဖွင့်လှစ်ထားသော တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးကျောင်းသို့လည်း ရောက်ခဲ့ရာတွင် ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်က သင်တန်းကျောင်းတွင် အသက်(၈)နှစ်မှ (၁၅)နှစ်အတွင်း မိဘမဲ့ ဆင်းရဲနွမ်းပါးသူကလေးငယ်များအား အတန်းပညာ သင်ကြားပေးပြီး ဘွဲ့ရသည်အထိ စောင့်ရှောက်ထားကြောင်း၊ သင်တန်းကျောင်းကို ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ရက်တွင် စတင်အကောင်အထည်ဖော် ဖွင့်လှစ်နိုင်ခဲ့ကြောင်း ရှင်းပြသည်ကို ကြားသိခွင့်ရခဲ့သည်။

ထိုမှတစ်ဆင့် ရှေ့ဆီသို့လှမ်းခဲ့ရာ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း “ငဆစ်ဗားရ်” ရေအားလျှပ်စစ်စက်ရုံသို့ ဝင်ခဲ့ကြပြန်သည်။ မဏိပူရ မြစ်လက်တက်ဖြစ်သော ငဆစ်ချောင်းမှ ရေအားကို ရယူ၍ လျှပ်စစ်ထုတ်ပေးထားကြောင်း သိခဲ့ရသည်။

ကီလိုဝပ် ၅၀၀ စက်နှစ်လုံးဖြင့် ဖလမ်းမြို့နယ် လေးရပ်ကွက်နှင့် ကျေးရွာတစ်ဆယ့်တစ်ရွာကို လျှပ်စစ်ဓာတ်အားပေးနိုင်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခိုင်စိုးက စက်ရုံအတွင်း လည်ပတ်နေသော စက်များအားပြသရင်း ပြောပြသည်ကို သိလိုက်ရသည့်အတွက် တောထဲတောင်ထဲနေရင်း အမှောင်ခွင်း၍ အလင်းပေးနေသူများအဖြစ် ဂုဏ်ပြုမိပါသည်။



ဖလမ်းမြို့ နံနက်ခင်း အဝေးရှုခင်းကိုတွေ့ရစဉ်။

ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ မြို့ပြနှင့်ကျေးလက်ကွာခြားခဲ့ရသော တောင်ပေါ်ဒေသမြို့ဖြစ်သည့် ဖလမ်းမြို့သည် ယခုအခါ နိုင်ငံတော်အစိုးရ၏ စေတနာမေတ္တာတို့ဖြင့် ပေါင်းစပ်ကာ ပျိုးထောင်ပေးခဲ့သော ကျေးဇူးကြောင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဆက်သွယ်ရေး အသီးအပွင့်တို့ဖြင့် ဝေဆာလှပနေသော မြို့ကလေးတစ်မြို့ ဖြစ်ပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။

# မြန်မာ-ထိုင်း ရွှေခါးပတ်ချန်ပီယံများ ထိုးသတ်မည့် လက်ဝှေ့ပြိုင်ပွဲ စာနယ်ဇင်းမိတ်ဆက် ရှင်းလင်း

**သတင်းနှင့်ဓာတ်ပုံ - စိုးညွန့် (ကြေးမုံ)**

ရန်ကုန် နိုဝင်ဘာ ၆

**မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့က ကြီးမှူး၍ Calsome ကွေကာ( Myanmar Distribution Group Co.,Ltd.) ၏ အဓိကပံ့ပိုးကူညီမှုဖြင့် K.L.N Group မှ တာဝန်ယူ စီစဉ်ကျင်းပသော မြန်မာ-ထိုင်း နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည့် မြန်မာ-ထိုင်း ကစားသမားများအား စာနယ်ဇင်းများနှင့် မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ကုန်သည်ကြီးများဟိုတယ်ရှိ အင်းဝခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ရှေးဦးစွာ ပြိုင်ပွဲဖြစ်မြောက်ရေး ကူညီပံ့ပိုးသည့် (Myanmar Distribution Group Co.,Ltd.) (Calsome ကွေကာ) Sales & Marketing Consultant ဦးမင်းတလညဏ်က ပြိုင်ပွဲအတွက် ကူညီပံ့ပိုးပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဝင်းဇင်ဦးက မိတ်ဆက်စကား ပြောကြားသည်။ ထို့နောက် ထိုင်းလက်ဝှေ့အသင်း အုပ်ချုပ်သူ မစ္စတာဖိကျောက်က ထိုင်းလက်ဝှေ့သမားများအကြောင်းကို ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံ လက်ဝှေ့အားကစားသမားများအား မိတ်ဆက်ပေးသည်။ ယင်းနောက် တက်ရောက်လာသော စာနယ်ဇင်းများက သိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။




**မြန်မာ-ထိုင်း ကစားသမားများအား စာနယ်ဇင်းများနှင့် မိတ်ဆက်ပွဲကျင်းပစဉ်။**

မြန်မာ-ထိုင်း မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာပြည်ချန်ပီယံ လုံးချောနှင့် ၂၀၀၈ ခုနှစ် ထိုင်းနိုင်ငံလုံးဆိုင်ရာ ရွှေခါးပတ်ချန်ပီယံ ထွန်ထောင်း၊ သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်းနှင့် ၂၀၀၆ ခုနှစ် ထိုင်းနိုင်ငံလုံးဆိုင်ရာ ရွှေခါးပတ်ချန်ပီယံ လာချီလိတ်၊ ရွှေခါးပတ်ချန်ပီယံ ဩစတြီးယားပြန် တွေ့မရှောင်နှင့် ၂၀၀၇-၂၀၀၈ ကမ္ဘာ့မွေထိုင်းချန်ပီယံ ပါဝိ၊ နယ်စပ်လက်ဝှေ့ကျော် စောငမန်းနှင့် ရွှေခါးပတ်ရရှိထားသူ ဖိချိချိုင်းတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ အဆိုပါနိုင်ငံတကာလက်ဝှေ့ပွဲ မထိုးသတ်မီ စောသဲအောင်နှင့် မောရှည်၊ ဒေါဂျစ်နှင့် မိုက်ခဲ၊ စောအာကာနှင့် မိုက်တိုင်ဆန်၊ မိုးသီနှင့် အောင်ဒီပ၊ စောပဂရေမှူးနှင့် ရွှေကရင်၊ ဖိုးကေနှင့် စိုးထက်ဦး၊ စောသဲမင်းနှင့် အောင်ပိုင်လေးစသည့် ပွဲစဉ်များအပါအဝင် ကြားပွဲ ပွဲသိမ်းလေ့ရှိပြီး ၂၀၀၆ ခုနှစ်တွင် ထိုင်းလက်ဝှေ့သမား ရင်ဖိကပ်နှင့် ထိုးသတ်ပြီးနောက်ပိုင်း ထိုင်းလက်ဝှေ့ကျော်နှင့် ဒုတိယအကြိမ် တွေ့ဆုံခြင်းလည်းဖြစ်သည်။

ထွန်ထောင်းမှာ ၂၀၀၈ခုနှစ်တွင် ထိုင်းနိုင်ငံလုံးဆိုင်ရာ မွေထိုင်း ရွှေခါးပတ်ချန်ပီယံဆုကို ရရှိထားသူဖြစ်ပြီး ထိုးသတ်ခဲ့သောပွဲပေါင်း ၆၀ ကျော်တွင် နိုင်ပွဲ ၄၀၊ သရေသုံးပွဲနှင့် ၁၇ ပွဲ ရှုံးထားသူဖြစ်သည်။ မြန်မာ့လက်ဝှေ့ကို ပထမဦးဆုံး ထိုးသတ်ခြင်းလည်းဖြစ်သည်။

**ဝင်းထွန်း-လာချီလိတ်**

ဝင်းထွန်းမှာ မြန်မာ့ရိုးရာ ရွှေခါးပတ်လုပွဲများတွင် သုံးထပ်ကွမ်း ၁၂ ပွဲ ထည့်သွင်းကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**လုံးချော-ထွန်ထောင်း**

မြန်မာပြည်ချန်ပီယံအဖြစ် လေးနှစ်တာ စိုးမိုးထားသည့် လုံးချောမှာ လက်ရည်စစ်ပွဲများတွင် အလဲထိုးအနိုင်ရလဒ်များဖြင့် ပိုမိုလက်စွမ်းပြလာသူဖြစ်သည်။ ဖြောင့်လက်သီးနှင့် ဒူးပျံတို့ဖြင့် ပြိုင်ဖက်များအား ရွှေခါးပတ်ဆု ရရှိထားသူဖြစ်ပြီး နိုင်ငံတကာ အတွေ့အကြုံအဖြစ် ၂၀၀၄ ခုနှစ် မြန်မာ-ဂျပန် ရိုးရာမြန်မာ့လက်ဝှေ့စိန်ခေါ်ပွဲ၊ (၂၃)ကြိမ်မြောက် ဖိလစ်ပိုင် ဆီးဂိမ်းနှင့် (၂၄)ကြိမ်မြောက် ထိုင်းဆီးဂိမ်းတို့တွင် ထိုးသတ်ခဲ့ဖူးသူဖြစ်သည်။

လာချီလိတ်မှာ မြန်မာ့ရိုးရာလက်ဝှေ့ အတွေ့အကြုံရှိသူဖြစ်ပြီး ၂၀၀၆ခုနှစ် ထိုင်းနိုင်ငံလုံးဆိုင်ရာ ရွှေခါးပတ်ချန်ပီယံတစ်ဦးလည်းဖြစ်သည်။ ဘယ်သန် လက်ဝှေ့သမားတစ်ဦးဖြစ်ကာ ပွဲပေါင်း ၇၅ ပွဲတွင် နိုင်ပွဲ ၅၈ ပွဲ၊ သရေငါးပွဲနှင့် ရှုံးပွဲ ၁၂ ပွဲ ရှိထားသူဖြစ်သည်။

**တွေ့မရှောင်-ပါဝိ**

တွေ့မရှောင်မှာ ၂၀၀၇ ခုနှစ် ရွှေခါးပတ်ချန်ပီယံဆုနှင့် အကောင်းဆုံး လက်ဝှေ့သမားဆု ရရှိထားသူဖြစ်ပြီး သရေပွဲမရှိ သုံးချီမကျော် အလဲထိုးနိုင်ပွဲများဖြင့် နာမည်ကျော်နေသူဖြစ်သည်။ ဥရောပကစ်ဘောက်ဆင်ချန်ပီယံကိုလည်း ဩစတြီးယားနိုင်ငံတွင် အလဲထိုး အနိုင်ယူခဲ့သူဖြစ်သည်။ ပါဝိမှာ ၂၀၀၇-၂၀၀၈ ကမ္ဘာ့မွေထိုင်းချန်ပီယံတစ်ဦးဖြစ်ပြီး မြန်မာ့ရိုးရာလက်ဝှေ့ကို အကျွမ်းတဝင်ရှိသူဖြစ်သည်။ နိုင်းဝမ်းလေး၊ ကြယ်လင်းအောင်၊ သူရရဲအောင်တို့နှင့် ထိုးသတ်ဖူးပြီး ရှုံးပွဲမရှိသောသူဖြစ်သည်။ ယခုပွဲမှာ တွေ့မရှောင်၏ ပြင်းထန်သည့် တံတောင်ရိုက်ချက်၊ ဒူးတိုက်ချက်၊ ပါဝိ၏ တိကျသည့်ကန်ချက်နှင့် ချုပ်သိုင်းပြီး ဒူးတိုက်ချက်တို့အား ပြိုင်သည့်ပွဲဟု ဆိုရပေမည်။

**စောငမန်း- ဖိချိချိုင်း**

ထိုင်းလက်ဝှေ့ကျော်များနှင့်ယှဉ်ပြိုင်ဖူးသူ စောငမန်းမှာ ယခုပွဲအနိုင်ရရေးအတွက် အထူးလေ့ကျင့်ပြင်ဆင်ထားသူဖြစ်သည်။ မြန်မာ့ရိုးရာလက်ဝှေ့လောကကို တစ်ကျော့ပြန် ခြေချလာသူဖြစ်ပြီး လက်ရည်စစ်ပွဲများတွင် ၎င်း၏ လက်စွမ်းကို မြန်မာ့ရိုးရာ လက်ဝှေ့ပရိသတ်များ မြင်တွေ့ဖူးပြီးဖြစ်သည်။

ဖိချိချိုင်းမှာ အသက်(၁၈)နှစ်ရှိပြီဖြစ်ပြီး ၂၀၀၆ခုနှစ်တွင် ရာဂျာဒန်နန်ပြိုင်ပွဲရုံ၏ ရွှေခါးပတ်ချန်ပီယံတစ်ဦးလည်းဖြစ်သည်။ ပွဲပေါင်း ၄၅ ပွဲ ထိုးသတ်ထားရာတွင် နိုင်ပွဲ ၄၀၊ ရှုံးပွဲလေးပွဲနှင့် သရေတစ်ပွဲ ရှိထားသူဖြစ်သည်။

ထိုင်းလက်ဝှေ့အသင်းအုပ်ချုပ်သူ ဖိကျောက်က "မြန်မာ့ရိုးရာလက်ဝှေ့ကစားသမားများနှင့် ပညာချင်းဖလှယ်ပြီး ချစ်ကြည်ရေး တည်ဆောက်ရန် လာရောက်ထိုးသတ်ခြင်းဖြစ်ကြောင်း၊ မိမိတို့ ကစားသမားများမှာ နှစ်လုံးပေါက် လေ့ကျင့်နေသည့် ကစားသမားဖြစ်ပြီး ယခုပွဲတွင်လည်း အကောင်းဆုံး ထိုးနိုင်မည်ဟု ထင်ကြောင်း၊ လာရောက်ထိုးသတ်သည့် လေးဦးထဲတွင် ပါဝိနှင့် လာချီလိတ်မှာ မြန်မာ့ရိုးရာလက်ဝှေ့ကို ထိုးသတ်ဖူးပြီး ထွန်ထောင်းနှင့် ဖိချိချိုင်းမှာ မထိုးဖူးသေးကြောင်း၊ မိမိကစားသမားများ မြန်မာပရိသတ်အကြိုက် ထိုးသတ်နိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားခဲ့သည်။

(ကြေးမုံ)




**လုံးချောနှင့် ထွန်ထောင်း။**




**တွေ့မရှောင်နှင့် ပါဝိ။**




**စောငမန်းနှင့် ဖိချိချိုင်း။**




**ဝင်းထွန်းနှင့် လာချီလိတ်။**

# မြို့လယ်တွင် ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး

**ရန်ကုန် နိုဝင်ဘာ ၆**

နိုဝင်ဘာ ၇ ရက် သောကြာနေ့တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများဖြစ်သည့် သမ္မတနှင့် သွင်ရုံတို့တွင် မကြာမီက ရုံတင်ခဲ့သော မြန်မာဟာသဇာတ်ကားဖြစ်သည့် **"ချစ်တော့ချစ်တယ် အလိုမလိုက်ဘူး"** ဇာတ်ကား တစ်ကားတည်းသာ ဆက်လက်ရုံတင်ပြသမည်ဖြစ်သည်။ သမားရိုးကျ ဟာသဇာတ်ကား မဟုတ်ဘဲ ဒါရိုက်တာမိုက်တီး၏ ရိုက်ချက်ပီသစွာ ပရိသတ်၏ အာရုံကို ညှို့ယူဖမ်းစားနိုင်မည့် ဇာတ်ကား တစ်ကားဖြစ်ပါသည်။ လွင်မိုး၊ ရာဇာနေဝင်း၊ ခန့်စည်သူ၊ ပြေတီဦး၊ လင်းဇာနည်ဇော်၊ ခိုင်သင်းကြည်၊ မေကဗျာနှင့် ဖူးစုံတို့ ခေါင်းဆောင် ပါဝင်ထားကြသည်။

**နိုင်ငံခြားရုပ်ရှင်**

မင်္ဂလာရုံတွင် ထူးခြားသော စွမ်းအင်ပိုင်ရှင် တစ်ဦးဖြစ်သည့် Han Cock က ၎င်း၏စွမ်းအားကို အသုံးပြု၍ မကောင်းမှု ဒုစရိုက်သမားတို့အား နှိမ်နင်းပုံကို သည်းထိတ်ရင်ဖို ရိုက်ကူးထားသည့် ဇာတ်ကြမ်းကားတစ်ကား ဖြစ်ပါသည်။

Han Cock အဖြစ် လူမည်းသရုပ်ဆောင် Wil Smith က သရုပ်ဆောင်ထားသည်။

**ရုံတင်ပြသမည်**

ရွှေဆောင်ရုံတွင် ကျောင်းသားအရွယ် လူရွယ်လူငယ်များ၏ မျိုးချစ်စိတ်ဓာတ်ကို ဖော်ကျူးရိုက်ကူးထားသည့် HEROES စွန့်စား မှု အသားပေး အိန္ဒိယဇာတ်ကား ရုံတင်ပြသမည်ဖြစ်သည်။

နေပြည်တော်ရုံတွင် ကြေးစားလုံခြုံရေး အမှုထမ်းတစ်ဦးက ပဟေဠိဆန်သော အမျိုးသမီးတစ်ယောက်အား ရုရှားမှ အမေရိကန်နိုင်ငံ နယူးယောက်မြို့သို့ တာဝန်ယူ ပို့ဆောင်ပေးရစဉ် ကြုံတွေ့ရသော အဖြစ်အပျက်များကို ဇာတ်လမ်းဆင်ထားသည့် BABYLON A-D ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။



**အိန္ဒိယရုပ်ရှင်**

ဘုရင်ရုံတွင် နာမည်ကြီး အိန္ဒိယရုပ်ရှင်သရုပ်ဆောင် အာဂျေးဒေဗ်ဂန် ပါဝင်သရုပ်ဆောင်ထားသည့် GOLMAAL ဒရာမာ အက်ရှင်ဇာတ်ကား၊ မြို့မရုံတွင် မင်းသားချော ရှာရွတ်ခန်ခေါင်းဆောင်သည့် BAADSHAH စုံထောက် ဇာတ်ကြမ်းကားနှင့် ဆုထူးပန်ရုံတွင် မင်းသားချောရှာရွတ်ခန် ခေါင်းဆောင်ပါဝင်သည့် DILWALE DULHANIALE JAYENGE အိန္ဒိယနိုင်ငံ ဖလင်ဖဲယား အကယ်ဒမီ ဆယ်ဆုရ ဇာတ်ကားများ ပြသမည်ဖြစ်သည်။

**မြင်းမိုရ်ထက်က သရဖူ မကြာမီ ရုံတင်မည်**

ဖီးနစ်ရုပ်ရှင် ထုတ်လုပ်ရေးမှ ဒါရိုက်တာ သိန်းဟန်(ဖီးနစ်) ရိုက်ကူးသည့် မြင်းမိုရ်ထက်က သရဖူ မြန်မာဇာတ်ကားသစ်မှာ မကြာမီ ရုံတင်ပြသတော့မည် ဖြစ်သည်။ ၎င်းဇာတ်ကားတွင် နေတိုး၊ ထွန်းထွန်း၊ ထပ်ဆင့်အကယ်ဒမီ မို့မို့မြင့်အောင်၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီ ဇင်ဝိုင်းနှင့် အကယ်ဒမီဇော်ဦးတို့ ခေါင်းဆောင်ပါဝင်ကြသည်။ (ကြေးမုံ)

**မကြာမီ ရုံတင်ပြသတော့မည့် "မြင်းမိုရ်ထက်က သရဖူ" ဇာတ်ကားသစ်မှ ဇာတ်ဝင်ခန်း တစ်ခန်းကို တွေ့မြင်ရစဉ်။**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ဖျာပုံနှင့် ဒေးဒရဲမြို့နယ်အတွင်း ရေလုပ်ငန်းထောက်ပံ့ပစ္စည်းများ ပေးအပ်

ရန်ကုန် နိုဝင်ဘာ ၆

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် နိုဝင်ဘာ ၁ ရက်တွင် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ နေနှင့်လဆန်စက်၌ ကျင်းပသော ဒေသခံရေလုပ်ငန်း လုပ်ကိုင်သူများအတွက် မင်္ဂလာမြန်မာကုမ္ပဏီက ငါးဖမ်းလှေနှင့် ငါးဖမ်းပိုက်များ ဖြန့်ဖြူးပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ လေဘေးသင့်ဒေသများကို နိုင်ငံတော်အစိုးရက ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။**

ထို့နောက် အလှူရှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံသံအမတ်ကြီး Mr. Robert Chua Hlan Kong က မင်္ဂလာမြန်မာကုမ္ပဏီ၏ကူညီမှုဖြင့် လှူဒါန်းခွင့်ရရှိခြင်းနှင့် စပ်လျဉ်း၍ နှုတ်ခွန်းဆက် စကားပြောကြားပြီး ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာ ဖုန်းဝင်းက ငါးဖမ်းလှေနှင့် ကိရိယာများ ဖြန့်ဖြူးမည့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး၊ သံအမတ်ကြီးနှင့်တာဝန်ရှိသူများက ဒေသတွင်း ရေလုပ်ငန်းဆောင်ရွက်သော ဖျာပုံမြို့နယ်ရှိ ကျေးရွာကိုးရွာ၊ ဒေးဒရဲမြို့နယ်ရှိ ကျေးရွာရှစ်ရွာတို့မှ ဒေသခံကိုယ်စားလှယ်များထံ လှူဒါန်းသော ငါးဖမ်း လှေအစင်း ၂၀၀နှင့် ပိုက်မျိုးစုံ ၂၀၀ တို့ကို ပေးအပ်၍ ငါးဖမ်းလှေများအား ရယူထွက်ခွာမှုကို မြစ်ဆိပ်တွင် ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီး၊ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် ဆားအိုးချောင်းကျေးရွာ၌ မင်္ဂလာမြန်မာကုမ္ပဏီက ကြီးမှူးဖွင့်လှစ်လျက်ရှိသော သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုဆိုင်ရာ ပညာပေးသင်တန်းသို့ ရောက်ရှိကြပြီး စာတွေ့လက်တွေ့ ပို့ချနေမှုကို ကြည့်ရှုအားပေးကြသည်။

မင်္ဂလာမြန်မာကုမ္ပဏီသည် ဖျာပုံနှင့်ဒေးဒရဲမြို့နယ်များ အတွင်းရှိ လေဘေးသင့်ကျေးရွာများသို့ ငါးဖမ်းလှေများ တည်ဆောက်ဖြန့်ဖြူးပေးခြင်း၊ ငါးဖမ်းကိရိယာနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများ ဖြန့်ဖြူးပံ့ပိုးခြင်းလုပ်ငန်းများနှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် လေဘေးကာကွယ်ရေးဆိုင်ရာ ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းလုပ်ငန်းတို့ကို ဒေသခံများ အကူအညီရယူကာ ကျေးရွာအရောက် လိုက်လံကူညီဆောင်ရွက်ပေးနေသော အဖွဲ့အစည်းဖြစ်ပြီး ဒေသတွင်းကျေးရွာများသို့ ငါးဖမ်းလှေနှင့် စိုက်ပျိုးရေးသုံးပစ္စည်းများကို ဆက်လက်ဖြန့်ဝေပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး သန်လျင် အထက(၁)၌ ဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၆**

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၃ရက် နံနက် ၉နာရီတွင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင် အဖွဲ့နာယက ဦးတင်ဝင်း **(အောက်ပုံ)**နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးကြွယ်တို့က အမှာစကားပြောကြားကြပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အထက(၁) သန်လျင်မှ ဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများက မိမိတို့လေ့လာသင်ယူခဲ့သည့် နည်းစနစ်များ၊ ဖြေဆိုပုံ ကျက်မှတ်ပုံနှင့် အတွေ့အကြုံများကို လည်းကောင်း၊ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများက အောင်ချက်မြင့်မားရေးအတွက် ကျောင်းသား၊ ကျောင်းသူများလိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးကြသည်။ ယင်းနောက် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများက မရှင်းလင်းသည်များကို မေးမြန်းရာ ဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများနှင့် ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများက ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ (၁၂၇)








# နေပြည်တော် ပျဉ်းမနားမြို့နယ်အသင်း ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

နေပြည်တော် ပျဉ်းမနားမြို့နယ်အသင်း၏ ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၂ ရက်တွင် ရန်ကုန်မြို့ ကန်တော်ကြီး လင်းပိုင်စားရိပ်သာ၌ ကျင်းပရာ အသင်းသား၊ အသင်းသူများ၏ သားသမီးများထဲမှ တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မောင်ကောင်းထက်နှင့် မဖူးပွင့်သွယ်တို့အား အသင်းနာယက ဦးစိုးတင့် (စိုးလျှပ်စစ်)နှင့် နာယက ဦးကျင်တီ (ချမ်းသာဆောက်လုပ်ရေး)တို့က ဂုဏ်ပြုဆုနှင့် ဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

# မြစ်သားမြို့နယ် ပြန်/ဆက် ဝန်ထမ်းများ စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၆**

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ စာဖတ်ဝိုင်းကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးညွန့်ရွှေက စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြီး ခရိုင်ဦးစီးအရာရှိက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အခန်း(၁၊ ၂၊ ၅၊ ၆၊ ၉၊ ၁၀၊ ၁၃၊ ၁၄၊ ၁၅) တို့ကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်ကအခန်း (၃၊ ၄၊ ၇၊ ၈၊ ၁၁၊ ၁၂)တို့ကိုအသီးသီးဖတ်ကြားပြီး ခရိုင်ဦးစီးအရာရှိက စာဖတ်ဝိုင်းကို ပြန်လည်သုံးသပ် ဆွေးနွေးကြကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

# ဇနီးကို သတ်သူအား အလုပ်နှင့် ထောင်ဒဏ်ရှစ်နှစ်ချမှတ်

**ရန်ကုန် နိုဝင်ဘာ ၆**

မိတ္ထီလာမြို့ ခရိုင်တရားသူကြီးရုံး ဒုခရိုင်တရားရုံး (၁)က မိမိဇနီးအား ဓားဖြင့်ခုတ်သတ်သူကို အလုပ်နှင့် ထောင်ဒဏ်ရှစ်နှစ် ချမှတ်လိုက်သည်။

အမှုမှာ မိတ္ထီလာမြို့ ရှမ်းတဲနယ်မြေ ကုက္ကိုပင်ကျေးရွာတွင် မတ် ၁၄ ရက်က တောင်သူ ဦးကြံရွှေ (၄၇)နှစ် အိမ်တွင် ဇနီးသည် ဒေါ်ညိုလှ၊ သားမောင်သန်းမြတ်စိုး၊ သမီး မနွဲ့(ခ) လွင်လွင်မာ၊ သား အောင်နိုင်ဖြိုး၊ သမီး မဇာဇာထက်လွင်တို့ရှိနေစဉ် ဖခင်ဖြစ်သူ ဦးကြံရွှေက ဇနီးနှင့် သား၊ သမီးများအား အိမ်ရှေ့ခုတင်ပေါ်တွင် ထိုင်ခိုင်းပြီး အရက်သောက်စားမူးယစ်ကာ ယခင်ခုနစ်လလောက်ခန့်က မိခင်ဖြစ်သူမှာ မောင်ဖြစ်သူနှင့် စကားများပြီး ဦးလေးတော်သူ ဦးအောင်ညွန့်အိမ်သို့ ဆင်းသွားပြီး ရက်ပိုင်းအတွင်းက ပြန်လာသည့်ကိစ္စနှင့်ပတ်သက်၍ မကျေမနပ်ဖြစ်ကာ သတ်ပစ်မယ်၊ နင်မရှိမှအေးမယ်ဟု ဆူပူကြိမ်းမောင်းနေစဉ် သမီးကြီး မနွဲ့(ခ)မလွင်လွင်မာက ရှမ်းတဲ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်ထံ သွားရောက် တိုင်ကြားခဲ့သည်။ ဤတွင် ဦးကြံရွှေက နင့်ကြောင့် ဒီလိုဖြစ်ရတာဟုပြောဆိုပြီး ဇနီးဖြစ်သူ ဒေါ်ညိုလှအား အိမ်ထဲမှ ဓားရှည်သွားယူပြီး ခုတ်ရာ ဒေါ်ညိုလှမှာ ဘယ်ဘက်လက်ရင်း လက်ကောက်ဝတ်ပြတ်ကာ ဝဲဘက် ဦးခေါင်းပြတ်ရှ၊ ဝဲနားရွက်အထက် လည်ပင်းပြတ်ရှ၊ ညာဘက်လက်ကောက်ဝတ် ပြတ်ရှဒဏ်ရာများဖြင့် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့သည်။

မိခင်သေဆုံးသည့်အတွက် သားဖြစ်သူ မောင်သန်းမြတ်စိုးက တရားလိုပြုလုပ်၍ မိခင်အား သတ်သူ ဖခင် ဦးကြံရွှေအား ဥပဒေအရ အရေးယူပေးရန် အမှတ်(၂)ရဲစခန်းသို့ အမှုဖွင့် တိုင်ကြားခဲ့ခြင်း ဖြစ်သည်။

(၁၁၁)

# ကြေးမုံ The Mirror အင်တာနက် ဆေးသိပွံ

## ဝက်ကလာပ်စည်းများ အသုံးပြုကာ အင်ဆူလင်ထုတ်လုပ်ရန် စမ်းသပ်မည်

**ဝယ်လင်တန် နိုဝင်ဘာ ၆**

ဆီးချိုရောဂါဖြစ်ပွားနေသူများ၏ ဝမ်းဗိုက်အတွင်းသို့ ဝက်သားပေါက်များထံမှ ရရှိသော ကလာပ်စည်းများ (Pig Cells)ကို ထည့်သွင်းပေးခြင်းဖြင့် အင်ဆူလင် (insulin) ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

နယူးဇီလန်နိုင်ငံရှိ ဇီဝနည်းပညာ ကုမ္ပဏီဖြစ်သော လစ်ဗင်းဆဲလ်တက်ခနိုလိုဂျီကုမ္ပဏီသည် ဆီးချိုဝေဒနာရှင် ရှစ်ဦး၏ ကိုယ်ခန္ဓာအတွင်းသို့ ဝက်ကလာပ်စည်းများကို ခွဲစိတ်ကုသသော နည်းလမ်းအရ ထည့်သွင်းပေးရန် ပြင်ဆင်လျက်ရှိသည်။

ဝက်ကလာပ်စည်းများ အသုံးပြုကာ ဆီးချိုရောဂါ ကုသပေးသည့် ကုထုံးသစ်ကို နယူးဇီလန် အစိုးရအဖွဲ့က မကြာသေးမီက ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ ဆေးဘက်ဆိုင်ရာ ညွှန်ကြားရေးမှူး ဘော့ဘ် အီးလ္လိုက်က ပြောကြားသည်။

ဝက်မှရယူသော ကလာပ်စည်းများကို ပင်လယ်ရေမှော်မှ ရယူသော အမြှေးပါး(တစ်ရှူးအလွှာပါး)ဖြင့် ဖုံးအုပ်ထားကာ ဆီးချိုလူနာ၏ ဝမ်းဗိုက်အတွင်းထည့်သွင်းပေးမည်ဖြစ်ကြောင်း၊ ဝက်ကလာပ်စည်းများကို အမြှေးပါးဖြင့် ဖုံးအုပ်ထားခြင်းဖြင့် သက်ဆိုင်ရာ လူနာ၏ ကိုယ်ခံအားစနစ်က ပြင်ပမှ ဝင်ရောက်လာသော ကလာပ်စည်းများကို လက်မခံဘဲ ငြင်းဆန်ခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း အီးလ္လိုက်က ပြောကြားသည်။

ဝက်တို့က အင်ဆူလင်ထုတ်လုပ်ပုံနှင့် လူတို့က အင်ဆူလင်ထုတ်လုပ်ပုံမှာ အလွန်နီးစပ်တူညီကြောင်း၊ လူနာသည် အင်ဆူလင်ထုတ်လုပ်နိုင်ခြင်းဖြင့် သွေးတွင်းရှိ သကြားဓာတ်ကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဝက်ကလာပ်စည်းများ၏အကူအညီကို ရယူကာ အင်ဆူလင်ထုတ်လုပ်လာနိုင်မည့် လူရှစ်ဦးမှာ အမျိုးအစားအမှတ်-တစ် ဆီးချိုရောဂါခံစားနေရသူများဖြစ်သည်။ ဆီးချိုရောဂါသည် မကြေညက်နိုင်သော သကြားဓာတ် (ကာဗိုဟိုက်ဒရိတ်)ကို မချေဖျက်နိုင်သော နာတာရှည်ရောဂါဖြစ်သည်။ ပန်ကရိယမှ အင်ဆူလင် အလုံအလောက် မထုတ်လုပ်နိုင်သဖြင့် ဆီးချိုရောဂါ ဖြစ်ပွားရသည်။

***ဘာသာပြန်-သတင်းလုလင်***



ဆီးချိုဝေဒနာရှင်တစ်ဦးအား သွေးဖောက်စစ်ဆေးနေစဉ်။

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

## ၇-၁၁-၂၀၀၈ (သောကြာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈း၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၄း၁၅ | ၄။ | မဟာဂီတချိုကြည်မြ |
| ၄း၂၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၄း၃၀ | ၆။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၄၀ | ၇။ | မြန်မာစာမြန်မာစကား |
| ၅း၀၀ | ၈။ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၅း၄၅ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆း၂၅ | ၁၃။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆း၄၅ | ၁၄။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇း၀၀ | ၁၅။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သံမဏိစိတ်ဓာတ် (အပိုင်း-၂၀)** |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | စိုက်ပျိုးသုတ |
| | ၂၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - လေကြောင်းမြို့တော် (အပိုင်း -၁၁)** |
| | ၂၃။ | သင့်အတွက် မနက်ဖြန် |
| | ၂၄။ | အပိတ်နှုတ်ဆက်စကား |
| | ၂၅။ | ပြီးပါပြီ။ |

# မန်ယူ၊ အာဆင်နယ်တို့ သရေကျပြီး ရီးယဲလ်မက်ဒရစ်အိမ်ကွင်းရှုံးပွဲကြုံရသည့်

# ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၄)ဒုတိယနေ့ပွဲများ

လန်ဒန် နိုဝင်ဘာ ၆

**ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၄) ဒုတိယနေ့ပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့သည်။ ပွဲစဉ်(၄)ဒုတိယနေ့ပွဲစဉ်များအပြီးတွင် မန်ယူနှင့် ဗီလာရီးယဲလ်တို့မှာ အုပ်စုတက်ရန် သေချာသွားပြီ ဖြစ်သည်။**

### အုပ်စု(င)

မန်ယူသည် ယခုပွဲတွင် ဆဲလ်တစ်ကို သရေသာကစားနိုင်ခဲ့သော်လည်း ရမှတ်ရှစ်မှတ် ရရှိထားသည်။ အလားတူ ဗီလာရီးယဲလ်သည်လည်း အယ်လ်ဘော့ဂ်ကို သရေကျသည့်တိုင် ရမှတ်ရှစ်မှတ် ရရှိထားပြီဖြစ်သည်။ ဆဲလ်တစ်နှင့် အယ်လ်ဘော့ဂ်တို့မှာ ရမှတ်နှစ်မှတ်စီသာ ရရှိထားကာ ၎င်းတို့နှစ်သင်းအနေဖြင့် နောက်ထပ်နှစ်ပွဲကို ဆက်လက်အနိုင်ရရှိမည် ဆိုသော်လည်း ဂိုးကွာခြားချက်ဖြင့် မန်ယူနှင့် ဗီလာရီးယဲလ်တို့သာအုပ်စုမှတက်သွားမည်ဖြစ်သည်။

### အုပ်စု(စ)

ဤအုပ်စုတွင်ပါဝင်သည့် စတူအာဘူခါရက်မှာ အုပ်စုတက်ရေးမျှော်လင့်ချက် ပျောက်ကွယ်သွားပြီဖြစ်သည်။ ဘိုင်ယန်မြူးနစ်နှင့် လိုင်ယွန်တို့မှာ ရှစ်မှတ်စီ ရရှိထားခြင်းကြောင့် အုပ်စုတက်ရန် အခြေအနေ ကောင်းနေသည်။ သို့သော် ဖီအိုရင်တီးနားသည်လည်း သုံးမှတ် ရရှိထားခြင်းကြောင့် လက်ကျန် နှစ်ပွဲစလုံးကိုသာ အနိုင်ကစားနိုင်ပါက အုပ်စုတက်ရေး မျှော်လင့်နိုင်မည်ဖြစ်သည်။

### အုပ်စု(ဆ)

အုပ်စု(ဆ)တွင် အာဆင်နယ်က ရှစ်မှတ်၊ ပေါ်တိုက ခြောက်မှတ်၊ ဒိုင်နမိုကီယက်ဗ်က ငါးမှတ်နှင့် ဖီနာဘာချီက နှစ်မှတ်ရရှိထားပြီဖြစ်သည်။ ထို့ကြောင့် ဤအုပ်စုတွင် အာဆင်နယ်မှာ အုပ်စုတက်ရန် အခြေအနေ အကောင်းဆုံးဖြစ်နေပြီး ကျန်အသင်းများတွင်လည်းအုပ်စုတက်ရေး အခွင့်အလမ်း ကိုယ်စီရှိနေကြသည်။

### အုပ်စု (ဇ)

ဤအုပ်စုတွင် ဂျူဗင်တပ်စ်မှာ ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုဗိုလ်အဖြစ် ရပ်တည်နေပြီး နာမည်ကြီး ရီးယဲလ်မက်ဒရစ်က ခြောက်မှတ်၊ ဇင်းနစ်က လေးမှတ်နှင့် ဘိုရီဆော့ဗ်က နှစ်မှတ် ရရှိထားသည်။ ဂျူဗင်တပ်စ်မှာ အုပ်စုတက်ပြီဟု ဆိုနိုင်သော်လည်း ကျန်အသင်းများမှာ နောက်ဆုံးပွဲစဉ်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ကြရဦးမည်ဖြစ်သည်။

### ချန်ပီယံလိဂ် အုပ်စုပွဲစဉ် (၄) ဒုတိယနေ့ပွဲစဉ်များရလဒ်

| | | |
|---|---|---|
| ဆဲလ်တစ် | ၁ - ၁ | မန်ယူ |
| အယ်လ်ဘော့ဂ် | ၂ - ၂ | ဗီလာရီးယဲလ် |
| လိုင်ယွန် | ၂ - ၀ | စတူအာဘူခါရက် |
| ဖီအိုရင်တီးနား | ၁ - ၁ | ဘိုင်ယန်မြူးနစ် |
| အာဆင်နယ် | ၀ - ၀ | ဖီနာဘာချီ |
| ဒိုင်နမိုကီယက်ဗ် | ၁ - ၂ | ပေါ်တို |
| ရီးယဲလ်မက်ဒရစ် | ၀ - ၂ | ဂျူဗင်တပ်စ် |
| ဘိုရီဆော့ဗ် | ၀ - ၂ | ဇင်းနစ် |

*အင်တာနက်။*

## ဆေးတက္ကသိုလ် (၂) အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၆**

ရန်ကုန်မြို့ ဆေးတက္ကသိုလ် (၂) မင်္ဂလာဒုံတွင် ၁၉၇၀-၁၉၇၁-၁၉၇၂-၁၉၇၃ ခုနှစ်များ၌ ပထမနှစ်(ဆေး)တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် သူငယ်ချင်းများ တွေ့ဆုံပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂၄ရက်(စနေနေ့)တွင် ရန်ကုန်မြို့ ဆရာဝန်များ အသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့် ဒေါက်တာညဏ်ထွန်း ဖုန်း-၀၉-၅၀၀၂၀၉၆၊ ဒေါက်တာဇော်လင်း ဖုန်း - ၀၁-၇၂၂၀၅၈၊ ဒေါက်တာ ကြည်ကြည်အေး ဖုန်း-၀၁-၃၈၀၇၃၉၊ ဒေါက်တာ ခင်မောင်လှိုင် ဖုန်း-၀၁-၅၀၀၇၉၇၊ ဒေါက်တာ အောင်ဝင်းမောင် ဖုန်း-၀၉-၅၀၀၅၃၃၇၊ ဒေါက်တာ ယုယု ဖုန်း - ၀၉-၅၁၂၆၅၃၂၊ ဒေါက်တာ ဘီဘီ ဖုန်း - ၀၉-၅၁၇၁၅၉၅၊ ဒေါက်တာ ထင်လှ၊ ဒေါက်တာ ဥမ္မာကျော် ဖုန်း-၀၉-၅၁၇၂၄၂၉၊ ၀၁-၆၆၆၄၆၉၊ဒေါက်တာစောအောင်ငွေ ဖုန်း-၀၉-၅၁၀၈၃၁၄၊ဒေါက်တာ ခင်သန်းနွယ် ဖုန်း - ၀၁-၅၇၉၉၇၆၊ ဒေါက်တာ ဝေမြင့် ဖုန်း - ၀၉-၅၀၁၁၂၉၅၊ ဒေါက်တာမြသိန်း ဖုန်း-၀၉-၅၀၂၆၀၆၂၊ ဒေါက်တာမိမိထွန်း ဖုန်း-၀၁- ၇၀၅၄၇၆၊ ဒေါက်တာ မကျင်ဆန်း ဖုန်း - ၀၁-၅၆၁၇၄၁ တို့သို့ ဆက်သွယ်၍ အလှူငွေများကို ဒီဇင်ဘာ ၁၅ရက်တွင်လည်းကောင်း၊ လိပ်စာနှင့် ကိုယ်ရေးအချက်အလက်များကို နိုဝင်ဘာ ၁၅ရက်တွင် လည်းကောင်း ပေးပို့ပါရန် နှိုးဆော်ထားသည်။ (ကြေးမုံ)

## အောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် နိုဝင်ဘာ ၆

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်း၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိပို၍ခဲ့ပြီး ကျန်ဒေသများတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်မှာ** လွိုင်လင်မြို့တွင် ၈ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဗန်းမော်မြို့တွင် ၁ဒသမ ၈၅လက်မ၊ ကသာမြို့တွင် ၁ဒသမ ၅၇လက်မ၊ ရန်ကုန် (မင်္ဂလာဒုံ)တွင် ၁ဒသမ၁၈လက်မ၊ ဘားအံမြို့တွင် ၁ဒသမ ၀၆လက်မ၊ မင်းကင်းမြို့တွင် ၁ဒသမ ၀၂လက်မ၊ ရေးမြို့တွင် ၀ဒသမ ၉၈ လက်မနှင့် မန္တလေးမြို့တွင် ၀ ဒသမ ၉၀လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**နိုဝင်ဘာ ၇ရက် ညနေထိ ခန့်မှန်းချက်။** ။ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | |
|---|---|
| ၃၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၉၂ ဒီဂရီဖာရင်ဟိုက်) | ၅-၁၁-၂၀၀၈ |
| **အနိမ့်ဆုံးအပူချိန်** | |
| ၂၁ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၇၁ ဒီဂရီဖာရင်ဟိုက်) | ၆-၁၁-၂၀၀၈ |
| ၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း | ၆-၁၁-၂၀၀၈ |
| နေပူသည့်နာရီပေါင်း ၆ ဒသမ ၆ နာရီခန့် | ၅-၁၁-၂၀၀၈ |

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၆-၁၁-၂၀၀၈ | ၃၀ မမ (၁ဒသမ ၁၈လက်မ) | ၅ မမ (၀ဒသမ ၂၀လက်မ) | မရှိပါ |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၂၈၀၂မမ (၁၁၀ဒသမ၃၁လက်မ) | ၃၀၇၁ မမ (၁၂၀ဒသမ၉၁လက်မ) | ၃၅၇၆ မမ (၁၄၀ဒသမ၇၉လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၆-၁၁-၂၀၀၈ရက် ၀၆း၃၀နာရီတွင် တောင်ဘက်မှ တစ်နာရီလေးမိုင်နှုန်း တိုတ်ခတ်သည်။

## အေးခဲထား ကလာပ်စည်းဖြင့် ကြွက်တစ်ကောင်ကို ပုံတူပွား

**တိုကျို နိုဝင်ဘာ ၆**

ဂျပန် သိပ္ပံပညာရှင်များသည် ၁၆ နှစ်ကြာမျှ အေးခဲထားသော ကလာပ်စည်းတစ်ခုကို အသုံးပြုကာ ကြွက်တစ်ကောင်ကို ပုံတူကိုယ်ပွား ဖန်တီးပေးနိုင်ပြီဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရီကင် (Riken) သုတေသနသိပ္ပံမှ သုတေသီများသည် အပူချိန် အနုတ် ၂၀ဒီဂရီ ဆဲစီးယပ်စ် (အနုတ် ၄ဒီဂရီ ဖာရင်ဟိုက်)တွင် သိမ်းဆည်းထားသော ကလာပ်စည်းတစ်ခုကို အသုံးပြုကာ ကြွက်ကို ပုံတူကိုယ်ပွားပြုလုပ်ခဲ့သည်။

ဂျပန်သုတေသီများသည် သေဆုံးနေပြီဖြစ်သော ကလာပ်စည်းကို အသုံးပြုကာ ပုံတူကိုယ်ပွား ပြုလုပ်ခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်သည်။ ယခုကဲ့သို့ ပုံတူကိုယ်ပွား နည်းစနစ်သစ်တစ်ရပ်ကို ရှာဖွေတွေ့ရှိခြင်းဖြင့် မျိုးသုဉ်းသွားသော တိရစ္ဆာန်များကို သိပ္ပံနည်းဖြင့် ပြန်လည်ဖော်ထုတ်နိုင်ရန် လမ်းဖွင့်ပေးသည်။

ဂျပန်သိပ္ပံပညာရှင်များ၏ တွေ့ရှိချက် ကို အမေရိကန်၌ ထုတ်ဝေသော သိပ္ပံလေ့လာမှုအကယ်ဒမီ၏ ဂျာနယ်တွင် ဖော်ပြထားသည်။

သိပ္ပံပညာရှင်များသည် ကြွက်သေတစ်ကောင်၏ ကိုယ်အင်္ဂါတစ်ခုမှ ကလာပ်စည်း နယူကလိယ (Cell Nucleus) တစ်ခုကို ထုတ်ယူကာ သက်ရှိကြွက်မတစ်ကောင်၏ အမသားဥ တစ်လုံးအတွင်းသို့ ထည့်သွင်းပေးလိုက်သည်။ ကလာပ်စည်း၏ အလယ်ဗဟိုရှိ သက်ရှိအပိုင်းဖြစ်သော နယူကလိယကို လွှဲပြောင်းပေးနိုင်သော နည်းစနစ်သည် မျိုးသုဉ်းပျောက်ကွယ်သွားခဲ့ပြီး တိရစ္ဆာန်များကို ပြန်လည်ဖော်ထုတ် ပေးလာနိုင်မည်ဖြစ်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် တာရူဟီကို ဝါကာယာမက ပြောကြားသည်။

သေဆုံးသွားသော တိရစ္ဆာန်များမှ ထုတ်ယူထားသည့် ကလာပ်စည်းများကို ယခင်က ပြန်လည် အသုံးပြုခြင်း မရှိခဲ့ပေ။ ပုံတူကိုယ်ပွား နည်းစနစ်ဖြင့် သားပေါက်လာသော ကြွက်မှာ ကြွက်ထီးတစ်ကောင်ဖြစ်ပြီး ကြွက်မတစ်ကောင်နှင့်အတူ မိတ်လိုက်နိုင်စွမ်းလည်းရှိကြောင်း ၎င်းကပြောကြားသည်။

မျိုးသုဉ်းသွားပြီဖြစ်သောရှေးဟောင်းဆင်တစ်ကောင်၏ ကလာပ်စည်း နယူကလိယကို ဆင်တစ်ကောင်၏ အမသားဥအတွင်း ထည့်သွင်းပေးကာ သန္ဓေသားလောင်း (Embryo)ကို ဆင်၏သားအိမ်အတွင်းသို့ ရောက်ရှိစေခြင်းဖြင့် ရှေးဟောင်းဆင်ကို မျိုးဆက်ပြန်လည် ဖော်ထုတ်နိုင်ကြောင်း တာရူဟီကိုက ပြောကြားသည်။ *အင်တာနက်။*



**ဂျပန် နိုင်ငံတွင် ပထမဆုံး အကြိမ် ကြွက်ကို ပုံတူ ကိုယ်ပွား ဖန်တီးနိုင်ပြီဖြစ်သည်။**
*(ဓာတ်ပုံ - အင်တာနက်)*

## ဘာသာပြန်-စံစံ



**နိုဝင်ဘာ ၅ ရက်မှ ၁၂ ရက်အထိဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၂၀၀၈ ခုနှစ် အာရှ လူငယ် အားကစားခေါင်းဆောင်များ၏ အားကစားလေ့လာရေးခရီးစဉ်သို့ သွားရောက်မည့် အားကစားဝန်ကြီးဌာနမှ အဖွဲ့ခေါင်းဆောင်အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသန်းနိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးထမ်းအိမ့်တို့အား နိုဝင်ဘာ ၄ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။**
(အား/ကာ)

## The LIVE NEWS ဂျာနယ် အမှတ်(၁၀၅) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၆**

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ်အမှတ်(၁၀၅)တွင် မြင်းမူမောင်နိုင်မိုး၏ အလျင်လိုစွာမပြုရာ၊ သည်းခံခြင်း၊ နီမင်းဆွေ၏ ကမ္ဘာကြီးကို ပြောခဲ့တဲ့စကားတစ်ခွန်း၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သမိုင်းတင်အဝိုင်းကြီးများ (Round-about)(၆)၊ နီငြိမ်း (အညာတက္ကသိုလ်)၏ ဗီယက်နမ်နိုင်ငံ၏လူမှုရေးနှင့် စီးပွားရေးဘဝအလှည့်အပြောင်းများ အပိုင်း(၅)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ (၈)၊ ယဉ်ယဉ်နု (မန္တလေး)၏ တန်ဆောင်တိုင်ဆီမီး ထိန်ထိန်ညီး၊ အာရှမိုး၏ ကမ္ဘာ့ငွေကြေးဈေးကွက်အား ကိုင်လှုပ်သွားသူ ထို(၁၀)ယောက်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူခဲ့သော ရထားစက်ခေါင်းများ လွှဲပြောင်းပေးအပ်၊ မန္တလေးက သရုပ်ဆောင်မလေး သဒ္ဓါထက်နှင့် တွေ့ဆုံခြင်း၊ ဟုတ်ပ့ါမလား အိုဘားမား ဒီထက်တောင်ပိုသေး၊ အကျပ်အတည်း ထွက်ပေါက်ကို အသည်းအသန်ရှာဖွေနေရတဲ့ ပါကစ္စတန်၊ နိုင်ငံရေးဩဇာတက်ဖို့ မရောင်ရာဆီလူးလုပ်လာတဲ့ ဂေါ်ဒွန်ဘရောင်း၊ ဆီးရီးယားရှိ အမေရိကန်သံရုံးအား ခေတ္တပိတ်ထားရန် ဆီးရီးယားအာဏာပိုင်များညွှန်ကြား၊ မိုက်ကရိုဆော့ဖ်ကုမ္ပဏီက Windows-7 ဆော့ဖ်ဝဲမိတ်ဆက်ရှင်းလင်းပွဲပြုလုပ်၊ အမေရိကန်နိုင်ငံသားများ နီကိုတင်းစွဲနေမှု ၁၅နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိ၊ မောင်နေလင်း၏ တက္ကစီမင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း(၂)၊ မျက်ဝန်းရိပ်အပိုင်း (၂၅၊၂၆-ဇာတ်သိမ်းပိုင်း)၊ ပင်လယ်ပျော်မင်းသား အပိုင်း(၄၅၊၄၆)၊ လေကြောင်းမြို့တော် အပိုင်း (၁၁၊၁၂) စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်အား အပတ်စဉ် (စနေနေ့) တိုင်းဖတ်ရှုသူ အိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ ၃လ-၁၃စောင်- ၅၈၅၀/-၊၆လ-၂၆စောင်-၁၁၇၀၀/-နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ် (၃၁၀)၊ အခန်း(၀၀၄)ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် (MARKET CARE (Distribution Service)အမှတ် (၅၅)ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇ တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မှားယွင်းစွာတောင်းဆိုမှုကို လက်ခံနိုင်ခြင်းမရှိသဖြင့် ပယ်ချ နိုင်ငံ၏အကျိုးစီးပွားကို အပြည်ပြည်ဆိုင်ရာဥပဒေများနှင့်အညီ ဆက်လက်ကာကွယ်စောင့်ရှောက်မည်

နေပြည်တော် နိုဝင်ဘာ ၆

**မြန်မာ့သီးသန့်စီးပွားရေးဇုန်အတွင်း ကျရောက်သော ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် AD-7 လုပ်ကွက်ကို ၂၀၀၅ ခုနှစ်တွင် တင်ဒါခေါ်ယူခဲ့ရာ ကိုရီးယားသမ္မတနိုင်ငံ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းမှ တင်ဒါအောင်မြင်ခဲ့ကြောင်း သိရှိရသည်။**

ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းအနေဖြင့် အဆိုပါ AD-7 လုပ်ကွက်အတွင်း ၂၀၀၇ ခုနှစ်၌ ရှာဖွေရေးလုပ်ငန်းများကိုလည်းကောင်း၊ ၂၀၀၈ ခုနှစ်စက်တင်ဘာလမှစ၍ စမ်းသပ်တူးဖော်ခြင်း လုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်နေစဉ် အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံက AD-7 လုပ်ကွက်သည် ၎င်းတို့၏ ရေပိုင်နက်အတွင်းကျရောက်ကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံမှ တူးဖော်နေမှုများကို ချက်ချင်းရပ်တန့်ပေးရန်ဖြစ်ကြောင်း ဥပဒေမဲ့မှားယွင်းစွာတောင်းဆိုလာခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် နယ်နိမိတ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ဥပဒေများအတိုင်း ဆောင်ရွက်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မှားယွင်းစွာတောင်းဆိုမှုကို လက်ခံနိုင်ခြင်းမရှိသဖြင့် ပယ်ချခဲ့ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကို အပြည်ပြည်ဆိုင်ရာဥပဒေများနှင့်အညီ ဆက်လက်ကာကွယ်စောင့်ရှောက်သည့်အနေဖြင့် AD-7 လုပ်ကွက်အတွင်း ဆောင်ရွက်ရန်ရှိသည်တို့ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ကြေးမုံ The Mirror သ တင်း၊ ဆောင်း ပါး အ ညွှန်း



ပုဂံခေတ် ရေးဟောင်းရွှေထည်ပစ္စည်း အပ်နှံသည့်အတွက် ဆုချီးမြှင့်

စာမျက်နှာ ၂



စိတ်ဒဏ်ကြားက စိတ်ခွန်အားများ (ဆောင်းပါး)

စာမျက်နှာ ၆



ခြံစည်းရိုး ကြက်ဆူဆီမှ ဇီဝဒီဇယ် အသုံးချမှု သရုပ်ပြပွဲ

စာမျက်နှာ ၇



ဝက်ကလာပ်စည်းအသုံးပြုကာ အင်ဆူလင် ထုတ်လုပ်ရန် စမ်းသပ်မည်

စာမျက်နှာ ၁၀

# ဖွံ့ဖြိုးဝေစည်လာသည့် ချင်းပြည်နယ်၏ ဖလမ်းမြေ

သတင်းမြင်ကွင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)

ဓာတ်ပုံမှတ်တမ်း-ဌေးအောင်(ကြေးမုံ)

ချင်းပြည်နယ်၏ ဖွံ့ဖြိုးရေးပုံရိပ်တို့အား သတင်းစာတွင် ထင်ဟပ်ဖော်ပြနိုင်ရန်အတွက် ကြေးမုံသတင်းအဖွဲ့သည် ချင်းပြည်နယ်မြောက်ပိုင်းဒေသ၏ နောက်ဆုံးခရီးစဉ်အဖြစ် ဖလမ်းမြို့သို့ ဆက်လက်ခရီးနှင်ခဲ့သည်။

ဖလမ်းမြို့သည် ပြည်နယ်၏ ခရိုင်မြို့ကြီးတစ်မြို့ ဖြစ်သည်နှင့်အညီ အုပ်ချုပ်ရေးအဆောက်အအုံများ၊ လုံခြုံရေးရဲတပ်ဖွဲ့၊ ပြည်သူ့ဆေးရုံ၊ စာသင်ကျောင်းများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံနှင့် လူမှုရေး အဆောက်အအုံများဖြင့် စည်ပင်နေသော မြို့ကြီးတစ်မြို့ဖြစ်သည်ကို တွေ့မြင်ခဲ့ရသည်။

မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၂၀၀ အမြင့်တွင် တည်ရှိသော တောင်ပေါ်မြို့တစ်မြို့ ဖြစ်သည်။ ဖလမ်းခရိုင်အတွင်း တီးတိန်၊ တွန်းဇံ၊ ကျီးခါ၊ ထန်တလန်၊ ရိဒ်၊ ဟားခါး မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားပြီး ခရိုင်အတွင်းလူဦးရေ သုံးသိန်းတစ်သောင်းကျော် စုစည်းနေထိုင်လျက်ရှိသည်။

ဦးစွာ မြို့အတွင်း ခရီးစဉ်စခဲ့ရာ အမှတ်(၄)ရပ်ကွက် ဗိုလ်ချုပ်လမ်းပေါ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်ထားသော နှစ်ထပ်ဆောင်စာကြည့်တိုက်အပေါ်သို့ တက်ခဲ့ကြသည်။ စာကြည့်တိုက်အတွင်းဝယ် စာဖတ်သူ၊ စာအုပ်ငှားသူ၊ စာအုပ်ပြန်အပ်သူတို့ဖြင့် ပြည့်လျက်ရှိနေသည်ကို တွေ့မြင်လိုက်ရသည်။

စာအုပ်ဗီရိုများကလည်း ကျယ်ဝန်းလှသော စာကြည့်တိုက်နှင့် အပြည့်ပင် အစီအရီထားရှိသည်ကို တွေ့မြင်နေရသည်။ စာအုပ်ကို စိတ်ဝင်စားစွာဖတ်ရှုနေသူတစ်ဦး၏အနားသွား၍ စပ်စုကြည့်မိသည်။

**"ကျွန်မ စာကြည့်တိုက်ကို အားတဲ့အခါတိုင်း လာပါတယ်၊ အခြားဝါသနာတွေထက် စာဖတ်တာကို ပိုဝါသနာပါပါတယ်၊ ဘယ်စာပေ ဖြစ်ဖြစ်ဖတ်ကြည့်ပါတယ်၊ ဒီမှာက စာအုပ်တွေ ပေါတယ်လေ၊ ဒီတစ်အုပ်မကြိုက်ရင် နောက်တစ်အုပ် ပြောင်းဖတ်လို့ရတော့ ပိုပြီးအဆင်ပြေတာပေါ့"** ဟု တိုင်းရင်းသူ အသံဝဲဝဲကို မနည်းပင် နားထောင်ယူရသည်။

ထပ်မံ၍ မေးမြန်းရမည့်သူတစ်ဦးအား ရှာဖွေနေစဉ်မှာပင် စာအုပ်ထဲတွင် စူးစူးနစ်နစ် စိတ်ဝင်တစားဖတ်နေသော အမျိုးသားကြီးတစ်ဦး ဖတ်လက်စစာအုပ်ကို စားပွဲပေါ်သို့ချနေသည့်အခိုက် အမိအရပင် အားမနာစတမ်း မေးမိတော့သည်။

**စာမျက်နှာ ၈ ကော်လံ ၁**



မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (ဖလမ်း)။



ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်တွင် စာနယ်ဇင်းများ ဖတ်ရှုလေ့လာနေကြသူများ။